၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ – ၇၈)

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက် | ၂၀၂၃ ခုနှစ်၊ ဇွန် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၂၅၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော် (လေ) မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်



နေပြည်တော် ဇွန် ၁၃

တပ်မတော် (လေ) အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အထူးဆေး အကာအကွယ်ပေးအဖွဲ့ဝင် ၁၅ ဦးနှင့် အရေးပေါ်သုံးဆေးပစ္စည်းများ စုစုပေါင်း ၂ ဒသမ ၆ တန်ကို တင်ဆောင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ်သို့လည်းကောင်း (ဝဲပုံ)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှပေးပို့သော စုစုပေါင်း ဆန်အိတ် ၁၆၀ (၈ တန်) ကို မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကလေးလေဆိပ်သို့လည်းကောင်း တပ်မတော် (လေ) မှ လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော် (လေ) မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၀၃ ဒသမ ၉ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း

စာမျက်နှာ ၄ ကော်လံ ၁ ○

ယနေ့ ဖတ်စရာ

သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီ ကယ်ဆယ်ရေးအဖွဲ့များက ကူညီ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ
ပြည်တွင်းသတင်း | စာ ၄

Online အန္တရာယ် သတိပြုဖွယ်
ဆောင်းပါး | စာ ၉

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဇွန် ၁၃

ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့်

စာမျက်နှာ ၄ ကော်လံ ၅ ❖



မြန်မာ့အလင်း

## ဘေးကင်းလုံခြုံစွာ တရားဝင်သွားရောက်လုပ်ကိုင်

ထိုင်းနိုင်ငံ၊ မဲဆောက်မြို့မှ မြန်မာရွှေ့ပြောင်းအလုပ်သမား ကိုးဦးကို သယ်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး တိမ်းမှောက်မီးလောင်ခြင်းကြောင့် ယာဉ်မောင်းအပါအဝင် လေးဦး မီးလောင်သေဆုံးခဲ့ပြီး ကျန်ခြောက်ဦး ထိခိုက်ဒဏ်ရာ ရရှိမှုသတင်းနှင့် စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ရာ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများ သတိပြုဖွယ်ရာပင်ဖြစ်သည်။ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားအများဆုံး သွားရောက်အလုပ်လုပ်ကိုင်ကြသည့် နိုင်ငံဖြစ်ပြီး မြန်မာရွှေ့ပြောင်းအလုပ်သမားအများစုမှာ ပွဲစားကို ငွေပေးပြီး ထိုင်းနိုင်ငံအတွင်းသို့ အထောက်အထားမဲ့ဝင်ရောက်ကြခြင်းဖြစ်သည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံသဘောတူညီမှုစာချွန်လွှာ(MoU) လမ်းကြောင်းမှတစ်ဆင့် တရားဝင်ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်နိုင်သော်လည်း ပွဲစားကို ငွေပေးကာ အောက်လမ်းမှ သွားရောက်ခြင်းက ပိုမိုမြန်ဆန်လွယ်ကူသည်ဟု ယူဆကာ သွားရောက်နေကြခြင်းဖြစ်သည်။ သို့သော် ထိုင်းနိုင်ငံသို့ အထောက်အထားမဲ့ တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်ကြရာတွင် လမ်းခရီးမှာကတည်းကပင် မလုံခြုံမှု၊ စိုးရိမ်ထိတ်လန့်ရမှု အမျိုးမျိုး၊ ဒုက္ခအမျိုးမျိုး၊ ဘေးအန္တရာယ်အမျိုးမျိုးတို့ ကြုံတွေ့ရလေ့ရှိပြီး လုပ်ငန်းခွင်များသို့ အလုပ်ဝင်ရောက်လုပ်ကိုင်ကြရာတွင်လည်း အလုပ်ရှင်၊ သူဌေး၊ အလုပ်ကြပ်တို့၏ ညှဉ်းပန်းနှိပ်စက်အနိုင်ကျင့်မှုကို ခံရခြင်း၊ ရသင့်ရထိုက်သည့် လုပ်ခလစာများ အပြည့်အဝမပေးခြင်း၊ ထိန်းချုပ်ထားခြင်း၊ ပြင်ပသို့ သွားလာခွင့်မပေးဘဲ အကျဉ်းသား တစ်ဦးသဖွယ် ကန့်သတ်ထားခြင်းကဲ့သို့သော အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်။ တရားမဝင် အလုပ်သမားများအနေဖြင့် ဥပဒေနှင့်အညီ အလုပ်သမားအခွင့်အရေးများ မရရှိနိုင်သည့်အပြင် လွတ်လပ်စွာ သွားလာခြင်း၊ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ခြင်းကဲ့သို့သော အခွင့်အရေးများကိုလည်း ဆုံးရှုံးကြရသည်။

ပြီးခဲ့သည့် ဇွန်လ ၁ ရက်နေ့သို့ အကူး၊ သန်းခေါင်လွန်ချိန်တွင် အယုဒ္ဓယမြို့အထွက်၌ ဖြစ်ပွားခဲ့သည့် မော်တော်ယာဉ် တိမ်းမှောက်မီးလောင်မှုသည် ရဲများက လိုက်ဖမ်းသည်ကို မောင်းနှင်ထွက်ပြေးရာမှ အရှိန်မထိန်းနိုင်ဘဲ ကြမ္မာဆိုးနှင့် ကြုံတွေ့ကြရခြင်းဖြစ်ပြီး MoU လမ်းကြောင်းမှ တရားဝင်သွားရောက်ကြသည့် ရွှေ့ပြောင်းအလုပ်သမားများမှာ အထောက်အထားစာရွက်စာတမ်းအပြည့်အစုံဖြင့် လုံခြုံစိတ်ချစွာ သွားရောက်လုပ်ကိုင်ကြရခြင်းဖြစ်သည်ကို နှိုင်းယှဉ်ကြည့်ကြရန်လိုသည်။ MoU လမ်းကြောင်းတွင် ထိုင်းအလုပ်ရှင်ထံမှ အလုပ်ခေါ်စာကို ထိုင်းအလုပ်သမားရုံးနှင့် မြန်မာသံရုံးမှ အလုပ်သမားသံအရာရှိတို့က စစ်ဆေးထောက်ခံထားကြပြီး မြန်မာအစိုးရဘက်က အတည်ပြုလက်ခံထားခြင်းဖြစ်ရာ လိမ်လည်ခြင်း၊ လူကုန်ကူးခြင်းအန္တရာယ်တို့ဖြစ်ပေါ်ရန် အကြောင်းမရှိဘဲ ကင်းရှင်းသည်။ ဆက်လက်၍ အလုပ်သမား ရွေးချယ်ခြင်း၊ ဆေးစစ်ခြင်း၊ နိုင်ငံကူးလက်မှတ်ပြုလုပ်ခြင်း၊ အလုပ်ရှင် အလုပ်သမားစာချုပ်ကို အလုပ်သမားအရာရှိရှေ့တွင် ချုပ်ဆိုပြီး အရာရှိက စစ်ဆေးထောက်ခံခြင်း၊ အလုပ်သမားအမည်စာရင်းကို မြန်မာအစိုးရဘက်မှ အတည်ပြုပြီး ထိုင်းအလုပ်သမားရုံးသို့ ပို့ခြင်း၊ ထိုင်းဘက်က ပြည်ဝင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ပြုချက်အတွက် ပြင်ဆင်ခြင်း၊ မြန်မာဘက်တွင် e – Smart Card ပြုလုပ်ပြီး နယ်စပ်သို့ ထွက်ခွာခြင်း၊ ထိုင်းဘက်မှ နယ်စပ်မြို့တွင် ပြည်ဝင်ခွင့်ဗီဇာနှင့် အလုပ်လုပ်ခွင့် e – Work Permit ထုတ်ပေးခြင်း၊ လုပ်ငန်းခွင်ဝင်ရောက်ခြင်းဟူ၍ တရားဝင်အဆင့်ဆင့် ဆောင်ရွက်ခြင်းဖြစ်ရာ ရွှေ့ပြောင်းအလုပ်သမားများအတွက် လွန်စွာလုံခြုံစိတ်ချရသလို တရားဥပဒေ၏ အကာအကွယ်နှင့် တရားဝင်ရပိုင်ခွင့် အခွင့်အရေးများကိုလည်း ရရှိကြသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများသည် မိမိတို့အတွက် လိုအပ်သည့် သတင်းအချက်အလက်များကို ကိုယ်တိုင်သိရှိနားလည်ထားကြရန် လိုအပ်ပြီး ယင်းအတွက် အလုပ်သမားဝန်ကြီးဌာနနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့က တရားဝင်ထုတ်ပြန်ပေးထားသည့် မီဒီယာများမှ အချက်အလက်များ ရယူကြရန်လိုသည်။ အထူးသဖြင့် တရားမဝင်ပွဲစားများကို ရှောင်ရှားပြီး ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့်သာ တရားဝင်ရွှေ့ပြောင်းအလုပ်သမားများအဖြစ် တင့်တင့်တယ်တယ် အန္တရာယ်ကင်းရှင်း လုံခြုံစွာ သွားရောက်အလုပ်လုပ်ကိုင်ကြရပါမည့်အကြောင်း။ ။

## (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲနှင့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲများတွင် နိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခဲ့သည့် မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်



နေပြည်တော် ဇွန် ၁၃

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲများတွင် နိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက် မြို့ရှောင်လမ်းရှိ Sunshine Hotel ခန်းမ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌လည်းကောင်း **(အပေါ်ယာပုံ)** ပြုလုပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် နည်းပြများနှင့် အားကစားသမားများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ကိုယ်စား အားကစားအမျိုးအစားအလိုက် အားကစားသမားတစ်ဦးချင်းစီက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။ ၎င်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော်၊ ဇွန်လ ( ၁၃ ) ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆) ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ် (၂/၂၀၂၃) ကျောင်းအခြေပြုသင်တန်းအား ၁၂-၆-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊
  တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊
  အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှင်မြို့၊
  ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## မုတ်သုံလေ အားအသင့်အတင့်ရှိနိုင်

နေပြည်တော် ဇွန် ၁၃

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိနိုင်သည်။ **မိုး/ဇလ**

## မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၅ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

**မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးတင့်ဝေ အား မကွေးတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၃**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီ တည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များ အနက် **ခူမီးအမျိုးသားပါတီ**သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ခူမီးအမျိုးသားပါတီ** သည် ခွင့်ပြုချက် ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၇ ပါတီ ဖြစ်ကြောင်းနှင့် တည်ထောင်ခွင့် လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အိန္ဒိယသမ္မတနိုင်ငံ ကော်လ်ကတ္တားမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် BIMSTEC Business Conclave သို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇွန် ၁၃**

အိန္ဒိယသမ္မတနိုင်ငံ ကုန်သည်များအသင်း (Indian Chamber of Commerce– ICC) ၏ ဖိတ်ကြားချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ ကော်လ်ကတ္တားမြို့ရှိ Hytta Regency Kolkata Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် ဘင်းမ်စတက် စီးပွားရေးလုပ်ငန်းဆွေးနွေးပွဲ (BIMSTEC Business Conclave) သို့ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**




ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများ၊ ကုန်သွယ်မှုပိုမိုမြှင့်တင်ရေးအတွက် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် ကုန်သွယ်နိုင်မည့် အလားအလာရှိသော ကုန်ပစ္စည်းများ ရှာဖွေရန်နှင့် ပို့ကုန်လုပ်ငန်းရှင်များနှင့် သွင်းကုန်လုပ်ငန်းရှင်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှု တည်ဆောက်ရန်တို့အတွက် စီးပွားရေးလုပ်ငန်းများမှ စီးပွားရေးလုပ်ငန်းများသို့ (B 2 B) ထိတွေ့ဆက်ဆံမှုများကို အားပေးသွားရန်၊ မြန်မာနိုင်ငံတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံငွေကြေးများကို သုံးစွဲနိုင်ရေး ကိစ္စရပ်များ၊ နှစ်ဖက်ကုန်သည်များအကြား ပိုမိုထိတွေ့ပူးပေါင်းဆောင်ရွက်ရေးကိစ္စနှင့် ခရီးသွားလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး စသည်တို့ကို ဆွေးနွေးပြောကြားသည်။

ထို့ပြင် ဘင်းမ်စတက်နိုင်ငံများအကြား လမ်းပန်းဆက်သွယ်မှု၊ ဘဏ္ဍာရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုနှင့် ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေးတို့ကို ရှေ့လုပ်ငန်းစဉ်များအဖြစ် ထည့်သွင်းစဉ်းစားနိုင်ရေးတို့ကိုပါ အကြံပြုဆွေးနွေးခဲ့သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဘင်းမ်စတက်နိုင်ငံများမှ ထုတ်ကုန်ပြပွဲများ ခင်းကျင်းပြသထားရာ နေရာသို့ သွားရောက်ကြည့်ရှုခဲ့ပြီး မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ခင်းကျင်းပြသထားသော ပြခန်းအား ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် Ballroom One ၌ ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု – အခွင့်အရေးနှင့် အတားအဆီးများဖိုရမ်သို့ တက်ရောက်အားပေးသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအေးဝင်းက Panellist အဖြစ် ပါဝင်ဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Ballroom Two တွင် ကျင်းပပြုလုပ်သည့် ဘင်းမ်စတက် ရင်းနှီးမြှုပ်နှံမှုဖိုရမ် – စိန်ခေါ်မှုနှင့် အခွင့်အလမ်းသို့ ဆက်လက်တက်ရောက် အားပေးသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က Panellist အဖြစ် ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ ကုန်သည်များအသင်းဥက္ကဋ္ဌ Mr. MehulMohanka၊ အိန္ဒိယနိုင်ငံအစိုးရ ပြည်ပရေးရာနှင့် ပညာရေးဝန်ကြီး ဌာနဝန်ကြီး Dr. Rajkumar Ranjan Singh၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Nurul Majid Mahmud Humayun၊ နီပေါနိုင်ငံ စက်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Ramesh Rizal၊ သီရိလင်္ကာနိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီး Dr. Ramesh Pathirana၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Vijavatlsarabhakdi၊ ဘူတန်နိုင်ငံ စက်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် အလုပ်အကိုင်ဝန်ကြီးဌာန အတွင်းရေးဝန် Ms. Tashi Wangmo၊ အိန္ဒိယသမ္မတနိုင်ငံ ကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ Mr. Ameya Prabhu၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မြန်မာ ကိုယ်စားလှယ်အဖွဲ့မှ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်၊ မြန်မာနိုင်ငံ အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်ကြွယ်ကြွယ်ဇင်၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်ဟန် တို့အပါအဝင် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၈/ ၂၀၂၃)

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပါတာဝန်နှင့် လုပ်ပိုင်ခွင့်နှင့်အညီ ပုဒ်မ ၄၃၊ ၄၄ တို့အရ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ မှ ၂၀၂၃ ခုနှစ်၊ မေလအတွင်း အကျဉ်းထောင် ၅၄ ခု၊ အကျဉ်းစခန်း ၃၈ ခု၊ ဘိုးဘွားရိပ်သာ၊ မသန်စွမ်းကျောင်းနှင့် လူငယ်သင်တန်းကျောင်း ၂၆ ခု တို့ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ ထိုကဲ့သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် အကျဉ်းထောင်၊ အကျဉ်းစခန်းများတွင် ထိန်းသိမ်းစောင့်ရှောက်ထားသော အကျဉ်းသား၊ အကျဉ်းသူများမှ ပညာဆက်လက်သင်ယူလိုကြောင်း တင်ပြသည့် အကျဉ်းသား/သူများကို ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၆ တွင် “လူတိုင်းပညာသင်ကြားခွင့်ရှိသည်” ဟူသော ပြဋ္ဌာန်းချက်အတိုင်း ပညာဆက်လက် သင်ယူနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနမှ စိစစ်ဆောင်ရွက်ပေးနိုင်ရေး အကြံပြုတိုက်တွန်းချက်များ ပေးပို့ခဲ့ပါသည်။

၃။ ၂၀၂၂–၂၀၂၃ ခုနှစ်ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင်စာရင်းများကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ရောက်ဖြေဆိုသူဦးရေ ၁၆၁၈၅၀ ရှိပြီး အောင်မြင်သူ ၁၀၉၈၅၁ ဦးရှိသည့်အတွက် အောင်ချက်ရာခိုင်နှုန်းမှာ ၆၇ ဒသမ ၈၇ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

၄။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ၁၀ ဦး၊ မန္တလေးဗဟိုအကျဉ်းထောင်မှ ၂၉ ဦးနှင့် အခြားသော တိုင်းနှင့် ပြည်နယ်များရှိ အကျဉ်းထောင် ၆ ခုတို့မှ ဖြေဆိုအောင်မြင် သူ ၅ ဦး၊ စုစုပေါင်း ၄၄ ဦးအောင်မြင်ပြီး ယင်းအောင်မြင်မှုတွင် ၅ ဘာသာ ဂုဏ်ထူးရှင် ၁ ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် ၂ ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ၂၅ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၇ ဦးနှင့် ၁ ဘာသာဂုဏ်ထူးရှင် ၆ ဦးတို့ ထူးချွန်စွာအောင်မြင်ခဲ့ကြောင်းနှင့် ဖြေဆိုသည့် အကျဉ်းသားအားလုံး၏ အောင်မြင်မှုရာခိုင်နှုန်း ၉၁.၆၇% ရှိကြောင်း သိရှိရသည့်အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ အကျဉ်းသား၊ အကျဉ်းသူများ၏ ပညာသင်ကြားခွင့် အခွင့်အရေး ဆက်လက်ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားပါရန် စဉ်ဆက်မပြတ် တိုက်တွန်းသွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၃ ရက်

# ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စမတောင် မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ရှိ ရင်ခွင်မဲ့ကလေးများအတွက် ရန်ပုံငွေပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၁၃

**၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စမတောင် မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ရှိ ရင်ခွင်မဲ့ကလေးများအတွက် ရန်ပုံငွေပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိမြို့ စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ရှိ ကမ္ဘောဇဆောင်၌ ကျင်းပသည်။**

ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားသို့ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ် ဂေဟာမှူးနှင့် ကလေးငယ်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**နဝကမ္မအလှူငွေ ဆက်ကပ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေး ဥယျာဉ် ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံ နဝကမ္မအလှူငွေနှင့် နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းကြကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်ရှိ မွေးကင်းစရင်သွေးငယ်များအား ပြုစုစောင့်ရှောက်နေမှု၊ လူမှုဝန်ထမ်းဦးစီးဌာန၏ တည်ထောင်ခွင့်ပြုမိန့်ရ မဟာပရဟိတ (စမတောင်) ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၌ ကလေးငယ်လေးများ၏ ကဗျာရွတ်ဆိုနေမှု၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ (စမတောင်-နေပြည်တော်) တွင် ကျောင်းသား ကျောင်းသူများ စာပေသင်ကြား သင်ယူလေ့လာနေမှုများကို ကြည့်ရှု၍ အားပေးစကား ပြောကြားသည်။

ယင်းနောက် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) (MICC-2) တွင် ကျင်းပခဲ့သည့် နိုင်ငံကျော် အဆိုတော် မြန်မာပြည် သိန်းတန်၏ ကြယ်ကလေးများ၏ အနာဂတ် တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲမှ ရရှိငွေများအား ရင်ခွင်မဲ့ကလေးများအတွက် ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ မြန်မာပြည် သိန်းတန်နှင့် ရင်ခွင်မဲ့ကလေးများ စုပေါင်းသီဆိုထားသည့် "ကြယ်စင်လေးများ" သီချင်းဗီဒီယိုကို ပြသ၍ ဖွင့်လှစ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စမတောင် မဟာပရဟိတဂေဟာသို့ အလှူငွေကျပ်သိန်း ၁၂၀ ပေးအပ်လှူဒါန်းစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရင်ခွင်မဲ့ကလေးများကို အားပေးစကား ပြောကြားပြီး စမတောင် မဟာပရဟိတဂေဟာသို့ အလှူငွေကျပ်သိန်း ၁၂၀၊ အေးမြရွှေပြည် ရခိုင်ဘုန်းတော်ကြီးကျောင်းနှင့် သီဟိုဠ်ဘုန်းတော်ကြီးကျောင်းသို့ အလှူငွေကျပ်သိန်း ၂၀ စီ ပေးအပ်လှူဒါန်းသည်။

နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိမြို့နှင့် လေးမိုင်ခန့်အကွာ အလယ်ရိုးမပေါ်ရှိ စမတောင်ပေါ်မှ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ကို ၁၉၉၀ ပြည့်နှစ်တွင် စမတောင် ဆရာတော် ဘဒ္ဒန္တဝိမလနှင့် ဘဒ္ဒန္တဉာဏိန္ဒ (ကျောင်းအုပ်ချုပ်မှု ဆရာတော်) တို့က ရင်ခွင်မဲ့ ရင်သွေးငယ်များ၊ ဘဝချို့တဲ့ နေရှာသော ကလေးသူငယ်များအား ပြုစုပျိုးထောင်ပေးရန် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်ကို ကလေးငယ်လေးဦးဖြင့် စတင်တည်ထောင်ခဲ့ကာ တစ်လအတွင်း ကလေးငယ် ၂၅ ဦး ရှိလာခဲ့သည်။

ယခုအခါကျောင်းတွင်လသားအရွယ်မှ သုံးနှစ်အရွယ်အထိ ရင်ခွင်ပိုက်ကလေးငယ် ၄၀ ကျော် အပါအဝင် ကလေးငယ်၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၅၀ ကို ပြုစုစောင့်ရှောက်ထားကြောင်း၊ အဆိုပါ စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်မှ တက္ကသိုလ်၊ ကောလိပ် တက်ရောက်နေသူ ၆၁ ဦး၊ ဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူ သုံးဦးရှိပြီး ဘွဲ့ရ လုပ်ငန်းခွင် ဝင်ရောက်သူ ၄၁ ဦးကို ပျိုးထောင် မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပရဟိတကျောင်းတွင် ရင်ခွင်မဲ့ကလေးငယ်များအတွက် နေ့စဉ် ဆန် ၁၆ အိတ် ကျော်၊ ဆီပိဿာ ၂၀ ကျော် ကုန်ကျမှုရှိပြီး တစ်နပ်စာအတွက် အာဟာရဒါနပြုလိုသူများအနေဖြင့် ငွေကျပ် ၁၀ သိန်းဖြင့် လှူဒါန်းနိုင်ကြောင်း၊ အဝတ်အထည်၊ ပညာသင်ကြားရေး အထောက်အကူပြု ပစ္စည်းများ၊ ပြဋ္ဌာန်းစာအုပ်များ စသဖြင့် မိမိတို့ တတ်နိုင်သမျှ ပါဝင်ဒါနပြုလှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၃



သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေး အဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရွှေတောင်ဘုန်းကြီးကျောင်း အတွင်းရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ၎င်းအဖွဲ့တွင် ပါဝင်သည့် ဆေးကုသရေး အဖွဲ့များကလည်း မဟာပညာသီတာရာမ ပရိယတ္တိစာသင်တိုက် အတွင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရေချမ်းပြင်ကျေးရွာအတွင်းရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းကြီးများ ခုတ်ထွင် ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ၎င်းအဖွဲ့တွင် ပါဝင်သည့် ဆေးကုသရေး အဖွဲ့များသည်လည်း သက်ကယ်ပြင်ရွာမ ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မောင်တောမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ လသာကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ငတောက်တဲ့ကျေးရွာ အမ်း-စစ်တွေ သွားကားလမ်းမဘေး ဝဲ/ယာရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ရှေ့ဖုံးမှ*

များတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၂၉၁ ဦးတို့အား ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများအား မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့၊ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မအူပင်မြို့ တိုးမြစ်သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

**မအူပင် ဇွန် ၁၃**

မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝမြစ်ချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ဇွန် ၁၀ ရက်က မအူပင်မြို့နယ် တလုပ်လပ်အရှေ့ကျေးရွာအုပ်စု မအူပင်တံတားအနီး၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ မအူပင်ခရိုင်စီမံအုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးနိုင်လွင်၊ ငါးမျိုးစိုက်ထည့်ရေး ကြီးကြပ်ကော်မတီဥက္ကဋ္ဌ ဦးခင်လှိုင်၊ မအူပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံကိန်းဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက တလုပ်လှငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးခုံးမကြီး သားပေါက်ကောင်ရေ တစ်သိန်း၊ ရွှေဝါငါးကြင်းကောင်ရေ သုံးသိန်း၊ စုစုပေါင်းကောင်ရေ လေးသိန်းကို တိုးမြစ်သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စပါးသားတက်ဆင့်ပွား စိုက်ပျိုးနည်းပညာ တောင်သူသရုပ်ပြ ပညာပေးစိုက်ခင်းတွင် ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးမှုကို လာရောက်လေ့လာသည့် တောင်သူများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ တွေ့ဆုံအားပေး

**နေပြည်တော် ဇွန် ၁၃**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိ မြို့နယ် ရှာစေးဖိုကျေးရွာအနီးရှိ စပါးသားတက် ဆင့်ပွား စိုက်ပျိုးနည်းပညာ တောင်သူသရုပ်ပြ ပညာ ပေးစိုက်ခင်း ၃ ဒသမ ၆ ဧကတွင် ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးနေမှုကို လာရောက်လေ့လာကြည့်ရှု သည့် မြို့နယ် ရှစ်မြို့နယ်မှ စပါးစိုက်တောင်သူ ၃၀၀ ကျော်နှင့် တွေ့ဆုံအားပေးစကား ပြောကြား သည်။

**သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း**

ထိုသို့တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စပါးသားတက်ဆင့်ပွား နည်းပညာသရုပ်ပြ စိုက်ခင်း များအနေဖြင့် စိုတစ်လှည့် ခြောက်တစ်လှည့် စိုက်ပျိုး ရေပေးဝေသည့် (Alternate Wet and Dry)စနစ်ဖြင့် စပါးပင်၏ ရေလိုအပ်ချက်ကို တွက်ချက်၍ လိုအပ် သလောက်သာ ရေပေးဝေသည့် နည်းစနစ်ကို အသုံးပြုပြီး သရုပ်ပြစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ သီးထပ်စွမ်းအား တိုးတက်မြင့်မားရန် တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးရေကို ချွေတာပြီး လိုအပ်သလောက် သုံးစွဲနိုင်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် "မျိုး၊ မြေ ၊ ရေ ၊ နည်း" လေးမျိုး သည် အဓိကလိုအပ်ချက်များဖြစ်ကြောင်း၊ အထွက် တိုးသည့် မျိုးကောင်းမျိုးသန့်များ၊ ခေတ်မီ စက်ကိရိယာများ၊ စိုက်ပျိုးရေရယူသည့် စနစ်များနှင့် စိုက်ပျိုးနည်းပညာများကို အသုံးပြုပြီး တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးပါက အထွက်နှုန်းများ တိုးတက်ပြီး တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်ကြောင်း၊ နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တွင် စပါးသားတက်ဆင့်ပွား စိုက်ပျိုးနည်း ပညာဖြင့် စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများ အနေဖြင့် လေ့လာမှတ်သားပြီး သက်ဆိုင်ရာဌာနများ နှင့်ပူးပေါင်း၍ စိုက်ပျိုးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်စိုက်ပျိုးရေး သုတေသန ဦးစီးဌာန၊ နေပြည်တော်ဆည်မြောင်းနှင့် ရေအသုံး ချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်စက်မှု လယ်ယာဦးစီးဌာနနှင့် နေပြည်တော်စိုက်ပျိုးရေး ဦးစီးဌာနများမှ တာဝန်ရှိသူများက စပါးသားတက် ဆင့်ပွား စိုက်ပျိုးနည်းပညာများ၊ စိုက်ပျိုးနည်း စနစ်နှင့် အကျိုးကျေးဇူးများ၊ စပါးသားတက်ဆင့်ပွား စိုက်ပျိုးနည်းပညာ တောင်သူသရုပ်ပြပညာပေး စိုက်ခင်းဆောင်ရွက်ခဲ့မှု၊ စက်မှုလယ်ယာစနစ် အသုံးပြုမည့်အခြေအနေ၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရန် အဓိကလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်ရှစ်မြို့နယ်မှ တောင်သူများ သည် စပါးသားတက်ဆင့်ပွား စိုက်ပျိုးနည်းပညာ တောင်သူသရုပ်ပြ ပညာပေးစိုက်ခင်းတွင် ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြပြီး **(ယာပုံ)** တောင်သူများက စပါးသားတက်ဆင့်ပွား စိုက်ပျိုးနည်းပညာနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

**တောင်သူများအားဖြန့်ဝေ**

အဆိုပါ စပါးသားတက်ဆင့်ပွားနည်းပညာသည် ရေမြေရာသီဥတုနှင့်ကိုက်ညီပြီး မြေဩဇာများစနစ် တကျအသုံးချနိုင်လျှင် မိခင်အပင်၏ အထွက်နှုန်းနှင့် ကွာခြားမှုမရှိသော အထွက်နှုန်းရရှိနိုင်ခြင်း၊ မိခင် အပင်ထက်သက်တမ်းတိုးခြင်းကြောင့် တစ်နှစ်လျှင် သုံးသီးလွယ်ကူစွာ စိုက်ပျိုးနိုင်ခြင်း၊ ပျိုးခင်းပြင်ဆင် ခြင်း၊ ကောက်စိုက်ခြင်း၊ မျိုးဝယ်ယူခြင်း၊ လုပ်အားခ နှင့် စိုက်ပျိုးရေအသုံးပြုမှုများ လျှော့ချနိုင်ခြင်း၊ မီသိန်းဓာတ်ငွေ့ထွက်ရှိမှုကို လျှော့ချနိုင်သဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ကာကွယ်နိုင်ခြင်း၊ သားတက်မျိုးစေ့သည် မိခင်ပင်ကဲ့သို့ မျိုးကောင်း မျိုးသန့်ကို ရရှိနိုင်သဖြင့် တောင်သူများ ဝင်ငွေ တိုးတက်ရရှိစေခြင်း စသည့်အကျိုးကျေးဇူးများရရှိ ကြောင်းနှင့် စိုက်ပျိုးနည်းစနစ်ကို မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ တောင်သူများအား ဖြန့်ဝေပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။



မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နေပြည်တော် အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ထုတ်ကုန်တိုးမြှင့် ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီအဖွဲ့ဝင် များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော် MSME အသင်း၊ နေပြည်တော် ဆန်၊ ဆီ၊ စားသောက်ကုန်၊ ရေသန့်လုပ်ငန်းရှင်များအသင်း တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ က ကုန်ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့ချမှုနှင့် ပတ်သက်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ တွင် လိုအပ်သည့် သဘာဝမြေဩဇာများ အသုံးပြု ရေး၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်၍ တိရစ္ဆာန်များမှထွက်ရှိသည့် စွန့်ပစ် ပစ္စည်းများဖြင့် ဇီဝမြေဩဇာများ အသုံးပြုနိုင်ရေး ဆောင်ရွက်ကြစေလိုကြောင်း၊ ကုန်စည်ဒိုင်များကို ကြပ်မတ်ဆောင်ရွက်ရန်နှင့် လိုအပ်သည့် တိရစ္ဆာန် အစာများကို ပြည်တွင်း၌ ပြည့်ပြည့်ဝဝ လုံလုံ လောက်လောက် ထုတ်လုပ်နိုင်ပါက အသား၊ ငါးနှင့် ဥများ ဈေးနှုန်းကြီးမြင့်မှုများကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်း အခြေခံစားကုန်များကို လုံလောက် စွာ ထုတ်လုပ်နိုင်ခြင်းဖြင့် ကုန်ဈေးနှုန်း တည်ငြိမ် အောင်ဆောင်ရွက်သွားရန်၊ ကုန်ထုတ်လုပ်သူများ အနေဖြင့် အများပြည်သူများအတွက် အဖြစ်သင့်ဆုံး ဈေးနှုန်းဖြင့် ထိန်းညှိရောင်းချပေးသွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြ သူများက ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးတို့နှင့် ပတ်သက်၍ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်း တင်ပြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်များက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## MV WERU PACK KHA (ဝီရူပက္ခ) ရေယာဉ်ဖြင့် ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့

**နေပြည်တော် ဇွန် ၁၃**



အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင် ဆက်သွယ်ရေးလုပ်ငန်း ကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ် သဘာဝဘေး အန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်း များတွင် အသုံးပြုရန်အတွက် MV WERU PACK KHA (ဝီရူပက္ခ) ရေယာဉ်သည် ကာကွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီး ဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီး ဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရနှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့မှ ပေးပို့သည့် လျှပ်စစ်တာဝါတိုင်နှင့် ဆက်စပ် ပစ္စည်း ၃၄ ဒသမ ၈၄တန်၊ ထရန် စဖော်မာ အလုံး၂၀၊ သစ်ခွဲသား ဆိုဒ်စုံ ၄၆၄တန်၊ သွပ် ၅၇၃၃၃ ချပ်၊ မိုးကာတဲ၊ တာပေါ်လင် ၁၄၄ လိပ်၊ ဆန်၂၄ပြည်ဝင် ၂၉၇အိတ်၊ ဆန်အိတ်အရွယ်စုံ ၁၉၇၁အိတ်၊ အိမ်သုံးဆား ၆၆၈အိတ်၊ စားသုံး ဆီ၊ ခေါက်ဆွဲခြောက်၊ ငါးခြောက်၊ စည်သွတ်ဘူးများနှင့် အခြား စားသောက်ကုန်များ၊ အဝတ် အထည်နှင့် လူ့အသုံးအဆောင် ပစ္စည်းများ၊ ဆေးဝါးများပါဝင် သော ကူညီကယ်ဆယ်ရေးပစ္စည်း ၁၂၉၄ ဒသမ ၄၇ တန်တင်ဆောင်၍ စစ်တွေမြို့သို့ ယနေ့နံနက် ၉ နာရီ တွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ ထွက်ခွာ သွားကြောင်းနှင့် ရခိုင်ပြည်နယ်သို့ ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ စတင်၍ ယနေ့အထိ ရေယာဉ် ၁၆စင်းဖြင့် ဆောက်လုပ်ရေးသုံး ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ကျန်းမာရေး ပစ္စည်း၊ လူသုံးကုန်နှင့် စားသောက် ကုန်အပါအဝင် စုစုပေါင်း ၂၂၈၁၇ ဒသမ ၁၂ တန် ပို့ဆောင်ပေးခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်မြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**ပြည် ဇွန် ၁၃**

ပြည်မြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးအတွက် ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများအဖွဲ့က ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်မြို့တွင်းသို့ ဖြန့်ဖြူးထားသော ဗိုလ်ချုပ်လမ်းနှင့် ရွှေတစ်ချောင်းလမ်းတို့ရှိ ၁၁ ကေဗွီ ပြည်(၁၊ ၂၊ ၅) ဓာတ်အားလိုင်းတို့အား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ကြွေသီးအသစ်များ လဲလှယ်တပ်ဆင်ခြင်းနှင့် ပြင်ဆင်ရန်လိုအပ်သည့် မီးကြိုးများကို ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ဇွန် ၁၀ရက်နှင့် ၁၁ရက်တို့ က မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ အဖွဲ့က ဆောင်ရွက်ခဲ့ပြီး မြို့နယ်အတွင်းရှိ ကျန်ဓာတ်အားလိုင်းများ အားလုံးကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



# အကျိုးကျေးဇူးများစွာရရှိစေနိုင်သည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုသင့်

**ဘားအံ ဇွန် ၁၃**

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကိုအသုံးပြုပြီး ရေရှည်ကုန်ကျစရိတ်သက်သာစေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနနှင့် နည်းပညာတက္ကသိုလ်(ဘားအံ)တို့ ပူးပေါင်းဆောင်ရွက်သော 3.5m³ Biogas Digester Project ဖွင့်ပွဲကို ဇွန် ၁၃ ရက် နံနက် ၈ နာရီက ဘားအံ ပညာရေးဒီဂရီကောလိပ် သီရိခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**ကျယ်ကျယ်ပြန့်ပြန့်အသုံးပြု**

ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဘားအံပညာရေးဒီဂရီကောလိပ်တွင်ပြုလုပ်သော 3.5m³ Biogas Digester Project သည် ပဏာမရင်းနှီးမြှုပ်နှံမှုများသော်လည်း စွမ်းအင်အဖြစ်နွားချေးကို အသုံးပြုထားပြီး နှစ်ပေါင်း ၃၀ ကျော် အသုံးပြုနိုင်သည့်အတွက် ထင်း၊ မီးသွေး အသုံးပြုမှု၊ LPG Gas အသုံးပြုမှုတို့နှင့်နှိုင်းယှဉ်ပါက ရေရှည်တွင် ကုန်ကျစရိတ်သက်သာသွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏လူဦးရေ ၈၀ ရာခိုင်နှုန်းခန့်သည် ထင်းနှင့် ထမင်း၊ ဟင်းချက်ပြုတ်ခြင်းပြုလုပ်လျက်ရှိပြီး အိမ်တွင်းလေထုညစ်ညမ်းမှုကို မြင့်တက်စေလျက်ရှိသည့်အတွက် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းသက်သာပြီး အကျိုးကျေးဇူးများစွာရရှိစေနိုင်သည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသင့်ကြောင်း ပြောကြားသည်။

ထို့နောက် နည်းပညာတက္ကသိုလ်(ဘားအံ) ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ဇော်လတ်က Biogas Digester အကြောင်း ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က Biogas Digester Project ကို အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ပေးသော နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ဇော်လတ်၊ ဘားအံပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်အေးအေးမြင့်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောခူစေးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ဘားအံပညာရေးဒီဂရီကောလိပ် စားဖိုဆောင်တွင် 3.5m³ Biogas Digester Project ဆောင်ရွက်ထားမှုနှင့် လက်တွေ့သရုပ်ပြသမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

**အကျိုးကျေးဇူးများစွာရရှိနိုင်မည်**

3.5m³ Biogas Digester Project တွင် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို အသုံးချ၍ ဇီဝဓာတ်ငွေ့စွမ်းအင်ကို ထုတ်လုပ်အသုံးပြုခြင်းဖြစ်သည့်အတွက် ပတ်ဝန်းကျင်ကိုသန့်ရှင်းစေပြီး ၎င်းမှထွက်ရှိသော ပျော်ရည်များကို စိုက်ပျိုးရေးလုပ်ငန်းများတွင် မြေဩဇာအဖြစ် ပြန်လည်အသုံးပြုနိုင်ခြင်း၊ မီသိန်းနှင့် ကာဗွန်ထုတ်လုပ်မှုကို လျှော့ချနိုင်ပြီး ရာသီဥတုပြောင်းလဲမှုကို လျော့နည်းသက်သာစေခြင်း၊ ထင်း၊ မီးသွေး အစားထိုးအသုံးပြုနိုင်သည့်အတွက် သစ်တောပြုန်းတီးမှုကို လျှော့ချနိုင်ခြင်း၊ ချက်ပြုတ်ရာတွင် အချိန်ကုန်သက်သာပြီး မီးခိုးကင်းစင်၍ ကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်ခြင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ထောက်ပံ့ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်သည့်အပြင် LPG Gas ၏ လက်ရှိဈေးနှုန်းမှာ 1Kg လျှင် ငွေကျပ် ၅၀၀၀ခန့်ကုန်ကျပြီး Biogas ၏ 1Kg ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ငွေကျပ် ၂၅၀၀ ခန့်သာရှိသည့်အတွက် ထက်ဝက်ခန့်ကုန်ကျစရိတ်သက်သာစေသည့်အတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မျိုးစေ့မှန်၊ စိုက်ချိန်မှန်၊ ရိတ်သိမ်းချိန် မှန်ကန်နိုင်ရေး ခရိုင်/မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့များက ကြီးကြပ်ဆောင်ရွက်

**ပဲခူး ဇွန် ၁၃**

၂၀၂၃-၂၀၂၄ ခုနှစ် တစ်သီး၊ နှစ်သီး၊ သုံးသီး စိုက်ပျိုးမှုနှင့် ပန်းတိုင်အထွက်နှုန်းရရှိရန် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ခရိုင်/မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ဇွန် ၁၂ရက် နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဒေသတွင်း တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းသည် အဓိကအခြေခံကျသဖြင့် မျိုးစေ့မှန်၊ စိုက်ချိန်မှန်၊ ရိတ်သိမ်းချိန် မှန်ကန်နိုင်ရေး ခရိုင်/မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့များက ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သုံးသီးစိုက် ဧကများဖြစ်သည့် နွေစပါးနောက်ကျသော ဒေသများတွင် မိုးစပါးအချိန်မီစေရေး ကြိုတင်ပျိုးထောင်ထားရန် လိုအပ်ပြီး ပြည်တွင်း/ပြည်ပ ဈေးကွက်ဝင်ပြီး သက်တမ်းတိုပြီး အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တစ်သီးမှ နှစ်သီး သုံးသီး တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် ရေရရှိရေးနည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ၅ ဒသမ ၅ ဘီလီယံ ထုတ်ပေးထားပြီးဖြစ်သည့်အတွက် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ရေကြီးရေနက်ကွင်းများတွင် တစ်သီး စိုက်ပျိုးနေရာမှ ထပ်မံ၍ တစ်အုပ်တစ်မဟင်းသီးဟင်းရွက် စိုက်ပျိုးနိုင်ရေး ဖော်ဆောင်ပေးသွားမည် ဖြစ်ကြောင်း၊ နေကြာအမှန်တကယ်ဖြစ်ထွန်းနိုင်သည့် မြေနေရာများရှာဖွေ၍ နေကြာသီးသန့် စိုက်ခင်းများနှင့် နှမ်းစိုက်ပျိုးနိုင်ရေးကိုလည်း လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ဒေသတွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ တိုးတက် ထုတ်လုပ်နိုင်မှသာ ကုန်ဈေးနှုန်းအား အထိုက်အလျောက် လျှော့ချပေးနိုင်မည်ဖြစ်၍ သက်ဆိုင်ရာ စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များက ကြိုးစားဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က ဒေသနှင့် ကိုက်ညီသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးကိုလည်းကောင်း၊ တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများကိုလည်းကောင်း၊ ခရိုင်/မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့များက မြို့နယ်အလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်နိုင်ရေး စီမံချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များဖြည့်စွက်မှာကြားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မုဒုံမြို့နယ်၌ မိုးစပါးစိုက်ဧက ခုနစ်သောင်းကျော် စိုက်ပျိုးမည်

**မုဒုံ ဇွန် ၁၃**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ စပါးအထွက်နှုန်း တိုးတက်မြင့်မားစေရေးအတွက် ၂၀၂၃ ခုနှစ် မိုးစပါးစိုက်ရာသီတွင် မိုးစပါး စိုက်ဧက ၇၄၈၃၄ ဧက စိုက်ပျိုးရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တောင်သူများ မိုးစပါးစိုက်ပျိုးနိုင်ရန်အတွက် နှစ်စဉ်မျိုးသန့်မျိုးစေ့ပံ့ပိုးခြင်း၊ မြေဆီလွှာတွင် အာဟာရဓာတ်ပါဝင်မှု စစ်ဆေးပြီး ဓာတ်မြေဩဇာနှုန်းထား ထောက်ခံချက်ပေးခြင်း၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ခြင်း နည်းစနစ်များ လက်တွေ့ပြသခြင်းနှင့် သွင်းအားစု ဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချဖြန့်ဝေပေးခြင်း၊ မိုးစပါးစိုက်ပျိုးရေးနှင့် အထွက်နှုန်း ကောင်းမွန်စေရေးအတွက် အသိပညာပေးခြင်း လုပ်ငန်းများကို တောင်သူများနှင့် တွေ့ဆုံကာ တာဝန်ခံများက ကွင်းဆင်းဆောင်ရွက်ပေးသည်။

မုဒုံမြို့နယ်၌ ယခင်နှစ် မိုးစပါးရာသီတွင် စိုက်ဧက ၇၈၀၀၀ ကျော် စိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် အထွက်နှုန်း ၆၆ ဒသမ ၇၉ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။ **သားငယ် (ပြန်/ဆက်)**

# နတ်တလင်းခရိုင်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တင်ဒါရလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်း

**နတ်တလင်း ဇွန် ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင်အတွင်းရှိ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တင်ဒါရလုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ဒါကော်မတီအဖွဲ့အား ရှင်းလင်းခြင်းကို ယနေ့နံနက် ၁၀နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကား ပြောကြားပြီး နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဌေးလွင်စိုးက တင်ဒါလုပ်ငန်းများနှင့်ပက်သက်၍ ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

ထို့နောက် နတ်တလင်းခရိုင်အတွင်း မြို့နယ် လေးမြို့နယ်ရှိ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများနှင့် တင်ဒါရကုမ္ပဏီများက လုပ်ဆောင်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**



# အကြမ်းဖက်သမားများကို ငှားရမ်းနေထိုင်ခွင့်ပြုပေးသူ နေအိမ်တိုက်ခန်းပိုင်ရှင်များနှင့် စပ်လျဉ်း၍ သိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားဘဲ နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် အကြမ်းဖက်အုပ်စုများဖြစ်သော CRPH ၊ NUG နှင့် PDF အမည်ခံ အဖွဲ့အစည်းအမျိုးမျိုး၊ ယင်းတို့နှင့်ဆက်စပ်ပတ်သက်သော အဖွဲ့အစည်းတို့က နိုင်ငံတစ်ဝန်း ဖောက်ခွဲဖျက်ဆီးခြင်း၊ နည်းမျိုးစုံဖြင့် သတ်ဖြတ်ခြင်း၊ ပုဂ္ဂိုလ်ရေးအငြိုးထား သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိပါသည်။ ၎င်းတို့ကို အလွယ်တကူ ခြေရာခံနိုင်ခြင်းမရှိစေရန်အတွက် အဆောင်များနှင့် နေအိမ်တိုက်ခန်းများတွင် ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း ဖော်ထုတ်ဖမ်းဆီးရမိသည့်ဖြစ်စဉ်များအရ တွေ့ရှိရသည်။

ယင်းလုပ်ဆောင်မှုများကို တားဆီးကာကွယ်နိုင်ရန်အတွက် အဆောင်၊ နေအိမ်တိုက်ခန်းပိုင်ရှင်များအနေဖြင့် ငှားရမ်းသူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထား ပြည့်စုံစွာရရှိမှသာ ငှားရမ်းခြင်းနှင့် ယင်းအချက်အလက်အထောက်အထားများဖြင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်းတိုင်ကြားခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အကြမ်းဖက်မှုကျူးလွန်သည့် ငှားရမ်းနေထိုင်သူများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်သည့်အခါ ငှားရမ်းထားသည့် နေအိမ်တိုက်ခန်းများကို အမှုနှင့်ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်သည်ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က အသိပေးထုတ်ပြန်ထားခဲ့ပြီး ဖြစ်သည်။

ထိုသို့ အသိပေးထုတ်ပြန်ခဲ့သော်လည်း နေအိမ်တိုက်ခန်း ပိုင်ရှင်အချို့သည် မသိကျိုးကျွန်ပြု၍ ဆက်လက်ငှားရမ်းပေးနေခြင်းသည် အကြမ်းဖက်မှုများကို ဆက်လက်ကျူးလွန်နိုင်အောင် အားပေးကူညီရာရောက်သကဲ့သို့ဖြစ်စေပါသည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေတွင် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများကို အဆောက်အအုံနှင့် နေရာတစ်ခုခု အသုံးပြုခွင့်၊ ယာယီတည်းခိုနေထိုင်ခွင့်ပြုသူများသည် အကြမ်းဖက်သမားများနည်းတူ အကြမ်းဖက်မှုကို ကျူးလွန်ရာရောက်ကြောင်း ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ပါ၍ ဖြစ်စဉ်ပေါ်ပေါက်သည့်အခါတွင် နေအိမ်တိုက်ခန်းပိုင်ရှင်များအနေဖြင့် စနစ်တကျစိစစ်၍ငှားရမ်းခြင်း၊ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်း တွေ့ရှိရပါက အဆိုပါငှားရမ်းထားသည့် နေအိမ်တိုက်ခန်းများကို သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်သည့်အပြင် အကြမ်းဖက်မှုအား အားပေးကူညီသူအဖြစ် အရေးယူခံရနိုင်ကြောင်း ထပ်မံအသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

## အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေ၊ ကန်စောက်၊ ကျောက်တော်နှင့် ရသေ့တောင်တပ်နယ်များရှိ တပ်မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၁၃**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်သည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေတပ်နယ် ကန်စောက်တပ်နယ်နှင့် ကျောက်တော်တပ်နယ်တို့ရှိ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော နယ်မြေခံတပ်မတော်သားများ၊ တပ်မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ၊ အိမ်ဆောက်ပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် SKY



NET မိသားစု၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ် MLCA၊ MLCP အများပိုင်ကုမ္ပဏီ လီမိတက်၊ မြန်မာ-အိန္ဒိယ-တရုတ်ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA) နှင့် ဘာသာစုံမိတ်ဆွေများမှ ရက် ၃၀စတုဒိသာအလှူတော်အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသော သီးစုံဒံပေါက် ထမင်းဘူးများကို ထောက်ပံ့ပေးအပ်ပြီး (ဝဲပုံ) မိသားစုဝင်များ၏ တင်ပြချက်များကို လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များက ရသေ့တောင်မြို့ အရှေ့မြောက်ရပ်ကွက်တွင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ဒေသခံပြည်သူများအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အရိုး/ အကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ သီးစုံဒံပေါက်ထမင်းဟင်းလျာဘူးများ ပေးဝေလှူဒါန်းကြသည်။ ယင်းနောက် စစ်တွေမြို့ နယ်မြေခံတပ်တွင် ရက် ၃၀ စတုဒိသာ အလှူတော် အစီအစဉ်ဖြင့် လှူဒါန်းမည့် သီးစုံဒံပေါက်ထမင်းဘူးများ ချက်ပြုတ်ပြင်ဆင် ထုပ်ပိုးနေမှုများကို သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တောင်ရင်းရပ်ကွက်ရှိ ဇောခိသိပ္ပံဘုန်းတော်ကြီးကျောင်းနှင့် စေတီတောင်ရပ်ကွက်ရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး နဝကမ္မအလှူငွေများနှင့် စားသောက်ဖွယ်ရာများ ဆက်ကပ် လှူဒါန်းကြသည်။ ထို့နောက် ၎င်းဘုန်းတော်ကြီးကျောင်းများ၌ ဖွင့်လှစ်ထားရှိသည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသားကျောင်းသူများအား ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ လှူဒါန်းကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး အစိုးရရပ်ကွက်ရှိ ပိတ်ဆို့နေသော ရေနုတ်မြောင်း ပြန်လည်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး လူအေးနှင့် တာဝန်ရှိသူများသည် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဘာသာရေး ကျောင်းများနှင့် သာသနိက အဆောက်အဦများ ပြန်လည်ပြင်ဆင်ရန် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ပြီး ဘုန်းတော်ကြီးကျောင်းများနှင့် သာသနိက အဆောက်အဦများ ပြန်လည်ပြင်ဆင် ပြုပြင်ရန်အတွက် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဂေါပကများကို အလှူငွေများ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ယာပုံ)**



အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့သစ်တောင်ရပ်ကွက်ရှိ မြို့မဈေး၏ အနောက်ဘက် ကမ်းနားလမ်း၌ ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ကင်းတောင်ကျေးရွာအုပ်စု ဒုံးသိမ်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက် ပေးနေမှုများကို သွားရောက် ကြည့်ရှုအားပေး၍ ကျေးရွာအုပ်စု သုံးစုရှိ ဒေသခံပြည်သူများနှင့် ကျေးရွာကိုယ်စားလှယ်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ ရခိုင်ပြည်နယ် မြေပုံမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယင်းမြို့ရှိ ဘာသာရေးကျောင်းများ၏ အကျိုးတော်ဆောင်အဖွဲ့ဝင်များအား မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၌ တွေ့ဆုံ၍ ၎င်းတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေးပြီး မြေပုံမြို့ တောင်ပေါ်ရပ်ကွက်ရှိ မုန်တိုင်းကြောင့် ပျက်စီးခဲ့ရသော ဘာသာရေးကျောင်းအား အမြန်ဆုံး ပြန်လည်ပြုပြင်ပြီးစီးနိုင်ရေး သွားရောက်ကြည့်ရှု စစ်ဆေးကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး အမှတ်စဉ် (၅/၂၀၂၃) ကျင်းပ

မုံရွာ ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၃) ကို ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (ယာပုံ)



### အလုပ်အကိုင် ၁၀၀ ကျော် ဖန်တီးပေးနိုင်မည်

ရှေးဦးစွာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယနေ့ ကော်မတီအစည်းအဝေးတွင် ကျောက်တာကျေးရွာအုပ်စု စစ်ကိုင်းမြို့နယ်ရှိ သံနှင့်သံမဏိ အခြေခံပစ္စည်းများ ထုတ်လုပ်ရောင်းချမည့် Shwe Iron Family Co., Ltd. ၏ အတည်ပြု လျှောက်ထားလွှာအား စိစစ်ခွင့်ပြုပေးရန် တင်ပြလာသည်ကို တွေ့ရှိရကြောင်း၊ အလားတူ လုပ်ငန်းတစ်ခုကိုလည်း ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာနှစ်တွင် ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍထဲတွင် ပါဝင်သည့်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်အား စီးပွားဖြစ်စတင်သည့်အချိန်မှ စတင်ပြီး ရရှိမည်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၀၀ ကျော်အား ဖန်တီးပေးနိုင်မည်ဖြစ်သည့်အတွက် မိမိတို့ ကော်မတီက ကြိုဆိုပါကြောင်း။

ဒုတိယ လုပ်ငန်းတစ်ခုအနေဖြင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် ပတ္တမြားရပ်ကွက် စစ်ကိုင်းမြို့နယ်၌ ဆောင်ရွက်နေသည့် ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆက်သွယ်ရေးလုပ်ငန်းသုံး Signal Cable အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိသည့် Jinxin Technology (Sagaing) Co., Ltd. မှ အတည်ပြုမိန့်ပါရင်းနှီးမြှုပ်နှံသူ အမည်နှင့် လိပ်စာ ပြောင်းလဲပြင်ဆင် ခွင့်ပြုပါရန် တင်ပြလာသည့်ကိစ္စအား ကော်မတီ အဖွဲ့ဝင်များအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့် အညီ စိစစ်ပြီး ပြင်ဆင်ပြောင်းလဲပေးရန် ဖြစ်ကြောင်း၊ ကော်မတီအဖွဲ့ဝင်များအနေဖြင့်လည်း တိုင်းဒေသကြီးအတွင်း စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး အတွက် အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မေမျိုးဇော်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်၍ အသီးသီးဆွေးနွေး တင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ်သို့ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပို့ဆောင်

နေပြည်တော် ဇွန် ၁၃

**ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်မှ ရေယာဉ်၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် စဉ်ဆက်မပြတ် ပို့ဆောင်ပေးလျက်ရှိသကဲ့သို့ အရပ်ဘက်ကုမ္ပဏီများမှ ရေယာဉ်များဖြင့်လည်း ပို့ဆောင်ပေးလျက်ရှိသည်။**

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် သူရိယစန္ဒာဝင်း ကုမ္ပဏီပိုင် ကုန်တန်ချိန် ၃၅၀၀ တင်ဆောင်နိုင်သော MV .Royal Venus အမည်ရှိရေယာဉ်သည် ကုန်တန်ချိန် ၃၄၆၂ တန်ကို တင်ဆောင်၍ လည်းကောင်း၊ ကုန်တန်ချိန် ၂၅၀၀ တင်ဆောင်နိုင်သော MV .WERU PACK KHA အမည်ရှိရေယာဉ်သည် ကုန်တန်ချိန် ၂၂၀၀ ကို တင်ဆောင်၍ လည်းကောင်း ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ခံတံတားမှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ MV. Royal Venus ရေယာဉ်ပေါ်၌ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် ဝန်ကြီးဌာနများက လှူဒါန်းပေးပို့သော အမိုးသွပ်ချပ် ၁၀၈၀၀၀၊ ဆယ်တင်အမိုးသွပ်ချပ် ၂၉၀၀၀၊ ဘိလပ်မြေအိတ် ၈၀၀၀၊ သံချောင်းလုံး တန် ၄၀၀၊ သစ် ၃၅ တန်၊ ထောင့်သံ တန် ၂၀၀၊ အုတ် အလုံး ၂၃၀၀၀၀၊ ဝန်သယ်ယာဉ် နောက်တွဲပါ တစ်စီး၊ စက်သယ်ယာဉ်နောက်တွဲပါ တစ်စီး၊ ဖော့ကလစ် တစ်စီး၊ ဆန် ၅၆ အိတ်၊ အာလူး ပိဿာ ၁၅၀၊ ခေါင်အုပ်သွပ် တန် ၁၂၀၊ ကွန်ကရစ်ပိုက်လုံး ၁၅ လုံး၊ သံပြား လေးချပ်၊ ရေသန့်ကားနှစ်စီး၊ အောက်ဆီဂျင်အိုး ၂၇ လုံးကို တင်ဆောင်သွားခဲ့ပြီး MV.WERU PACK KHA ရေယာဉ်ပေါ်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသောပစ္စည်းများ၊ ဝန်ကြီးဌာနများက လှူဒါန်းသောပစ္စည်းများ၊ ဌာနဆိုင်ရာများက လှူဒါန်းသောပစ္စည်းများနှင့် ထိုင်းနိုင်ငံက လှူဒါန်းသောပစ္စည်းများပါရှိပြီး



ရေယာဉ်များ ထွက်ခွာချိန်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အထွေထွေမန်နေဂျာ ဦးဇော်ထွန်းလွင်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါရေယာဉ်များ စစ်တွေမြို့သို့ ရောက်ရှိပါက ၎င်းတို့ သယ်ဆောင်လာသည့် စားသောက်ကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်များနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

နေပြည်တော် ဇွန် ၁၃

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့် ဒေသများ၌ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ နေ့လယ်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ရသေ့တောင် တပ်နယ်ရှိ နယ်မြေခံတပ်ရင်း ခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ စစ်သည်/ စစ်သမီးများက အဆို/ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်/ စစ်သမီးများက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို/ အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေး အစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ရသေ့တောင် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ/ စစ်သည်/ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ ထိုကဲ့သို့ သီဆိုကပြဖျော်ဖြေသော စစ်သည်/ စစ်သမီးများအား ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တိုင်းမှူးတို့က ဆုငွေများပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# Online အန္တရာယ် သတိပြုဖွယ်

ယနေ့ကမ္ဘာကြီး၌ ၂၁ ရာစု အစောပိုင်းတွင် ခေတ်မီနည်းပညာများ နေ့စဉ်နှင့်အမျှ တိုးတက်ဖြစ်ပေါ်လျက်ရှိသည်။ နိုင်ငံတကာနှင့် အာဆီယံရပ်ဝန်းနိုင်ငံများရှိ ခေတ်မီတိုးတက်နေသော နိုင်ငံများအပြင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပါ ကောင်းမွန်လျင်မြန်လွယ်ကူစွာ ဆက်သွယ်နိုင်သည့် အင်တာနက်အသုံးချ Social Media များစွာ ပေါ်ပေါက်လာခဲ့သည်။

ထို Social Media များသည် လူသားအကျိုးပြုစေရေးနှင့် ၎င်းတို့ ငွေကြေးရရှိနိုင်ရေးအတွက် အပြန်အလှန် အကျိုးပြုနိုင်စေရန် ဆောင်ရွက်နေကြသည်။ ထိုသို့သော အများပြည်သူသိရှိနေကြသည့် Social Media များအား အသုံးပြု၍ Online မှတစ်ဆင့် သမ္မာအာဇီဝနည်းဖြင့် စိန်ရွှေရတနာရောင်းဝယ်ခြင်း၊ ဆိုင်ကယ်ရောင်းဝယ်ခြင်း၊ အဝတ်အထည်၊ စားသောက်ကုန်၊ ခေတ်မီလျှပ်စစ်ပစ္စည်း၊ ဆေးဝါး၊ လူသုံးကုန် အစရှိသည်ဖြင့် ရောင်းဝယ်ဖောက်ကားမှုများ ပြုလာနိုင်ခဲ့ကြသည်။ သို့သော် အချို့သော ဝိသမလောဘသားများအနေဖြင့် ထိုသို့သော ကောင်းရောင်းကောင်းဝယ် ပြုနေကြသူများနည်းတူ ဟန်ဆောင်လိမ်ညာသော တစ်ကွက်ချန်နည်းလမ်းများဖြင့် လှည့်ဖြားဆောင်ရွက်ခဲ့ကြသဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများအပြင် ခေတ်မီနိုင်ငံကြီးများပါ ဖြေရှင်းရန် မလွယ်ကူလောက်အောင်ပင် Online လိမ်လည်မှုများ တိုးပွားလာသည်။ ဥပမာအားဖြင့် ၂၀၂၃ ခုနှစ် မေ ၂၆ ရက်တွင် ပြုလုပ်ခဲ့သည့် (၉) ကြိမ်မြောက် အာဆီယံအရာရှိကြီးများ အစည်းအဝေးအရ နိုင်ငံအချို့၏ ဆိုက်ဘာပြစ်မှုများမှာ ဘရူနိုင်းနိုင်ငံ၌ ၂၀၂၁ ခုနှစ်တွင် ဆိုက်ဘာပြစ်မှု ၃၈၈ မှု၊ ၂၀၂၂ ခုနှစ်တွင် ဆိုက်ဘာပြစ်မှု စုစုပေါင်း ၄၉၆ မှု ဖြစ်ပွားခဲ့သည်။


**ဆိုက်ဘာပြစ်မှုများ**

ကမ္ဘောဒီးယားနိုင်ငံတွင် ဆိုက်ဘာပြစ်မှုများဆိုင်ရာ တိုင်ကြားချက်များအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ၅၅၇ မှု၊ ၂၀၂၁ ခုနှစ်တွင် ၂၄၇ မှု၊ ၂၀၂၂ ခုနှစ်တွင် ၄၅၄ မှု ဖြစ်ပွားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၂၂ ခုနှစ်တွင် ၄၈၅၀၊ မလေးရှားနိုင်ငံတွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ စုစုပေါင်း ၁၀၆၆၅၂ မှု ဖြစ်ပွားခဲ့သည်။ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ Online မှ အသရေဖျက်မှု ၂၄၈၅ မှု၊ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ Online လိမ်လည်မှု ၅၂၆ မှု ဖြစ်ပွားခဲ့သည်။ စင်ကာပူနိုင်ငံတွင် ၂၀၂၂ ခုနှစ်အတွင်း ဆိုက်ဘာမှုခင်းဆိုင်ရာ တိုင်ကြားလာမှု ၃၃၆၉ မှု ဖြစ်ပွားခဲ့ပြီး ဆိုက်ဘာမှုခင်းအများစုသည် Online လိမ်လည်မှုများဖြစ်ပါသည်။ အမှုများ၏ ၉၄ ဒသမ ၂ ရာခိုင်နှုန်းအထိ ရှိနေပြီး အမေရိကန်ဒေါ်လာ ၅၁၁ ဒသမ ၃ သန်း ငွေကြေးဆိုင်ရာ လိမ်လည်ခံခဲ့ရသည်။

မြန်မာကျပ်ငွေဖြင့် ချေးငွေလုပ်ငန်းအမည် အသုံးပြု၍ ငွေကြေးလိမ်လည်ခြင်း၊ ခြိမ်းခြောက် ငွေညှစ်ခြင်း၊ နှောင့်ယှက်ခြင်းများ ဆောင်ရွက်လျက်ရှိသည့် Mobile Application များ




Application Permission Request တောင်းခံသည့် အချက်အလက်များ




■ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ Online မှ အသရေဖျက်မှု ၂၄၈၅ မှု၊ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ Online လိမ်လည်မှု ၅၂၆ မှု ဖြစ်ပွားခဲ့

■ နိုင်ငံအလိုက် ဖြစ်ပေါ်နေသည့် ဆိုက်ဘာမှုခင်းပြစ်မှုများအနေဖြင့် ဆုချီးမြှင့်မှု အကျိုးခံစားခွင့်ဆိုင်ရာ လိမ်လည်မှုများ၊ Call Center လိမ်လည်မှုများ၊ ငွေစုငွေချေး လိမ်လည်မှုများ၊ Online Banking ဆိုင်ရာ Fake Application များဖြင့် လိမ်လည်မှုများ၊ ဆက်သွယ်ရေးလိမ်လည်မှုများ၊ ငွေကြေးလိမ်လည်မှုများ . . .

**ဘုံတူညီနေသည့် ဆိုက်ဘာမှုခင်းများ**

ထို့ပြင် နိုင်ငံအလိုက် ဖြစ်ပေါ်နေသည့် ဆိုက်ဘာမှုခင်းပြစ်မှုများအနေဖြင့် ဆုချီးမြှင့်မှု အကျိုးခံစားခွင့်ဆိုင်ရာ လိမ်လည်မှုများ၊ Call Center လိမ်လည်မှုများ၊ ငွေစုငွေချေး လိမ်လည်မှုများ၊

## ဝေယံလူ(ဆိုက်ဘာ)

Online Banking ဆိုင်ရာ Fake Application များဖြင့် လိမ်လည်မှုများ၊ ဆက်သွယ်ရေးလိမ်လည်မှုများ၊ ငွေကြေးလိမ်လည်မှုများ၊ ကုန်သွယ်ရေးလိမ်လည်မှုများ၊ ရင်းနှီးမြှုပ်နှံမှု လိမ်လည်မှုများ၊ Facebook Account အတုများဖြင့် Online အရောင်းအဝယ် လိမ်လည်မှုများ၊ Website အသုံးပြု၍ လိမ်လည်မှုများ၊ Online လောင်းကစားများ အစရှိသည်ဖြင့် နိုင်ငံအလိုက် ဖြစ်ပေါ်နေသော ဆိုက်ဘာမှုခင်းပြစ်မှုများမှာ တူညီမှုမရှိနိုင်သော်လည်း ဘုံတူညီနေသည့် ဆိုက်ဘာမှုခင်းများမှာ Online မှတစ်ဆင့် လိမ်လည်လှည့်ဖြားနေသည့် Social Engineering Attack ပင်ဖြစ်ပါသည်။ ၎င်း၏သဘောတရားမှာ အများယုံကြည်နိုင်လောက်အောင် တည်ဆောက်ဖွဲ့စည်းပြင်ဆင်မှုများ ကြိုတင်စီမံထားရှိပြီးမှ ယုံကြည်အောင် အယုံသွင်းနိုင်လောက်သည့် အချိန်တွင် ၎င်းတို့၏ Account / Page အား ဖျက်၍ Sim Card လွှင့်ပစ်ပြီး ငွေကြေးရယူသည့် နည်းလမ်းများပင်ဖြစ်သည်။

ထိုသို့သော နည်းလမ်းများအနက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ မှုခင်းရဲတပ်ဖွဲ့၊ နည်းပညာမှုခင်းဌာနမှ စစ်ဆေးတွေ့ရှိခဲ့သော Online ချေးငွေလုပ်ငန်းနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် အချက်များအား အသိပညာပေးတင်ပြလိုပါသည်။ ယင်း Online ချေးငွေလုပ်ငန်း Application များအား Google Store တွင် မြန်မာကျပ်ငွေဖြင့် ငွေချေးနိုင်သည့် Application ပေါင်း ၃၅ ခုအထိ စိစစ်တွေ့ရှိရပြီး ထို Application များအား Download ချ၍ ဝင်ရောက်ချေးငှားခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးအပြစ်များကို တင်ပြသွားမည်ဖြစ်ပါသည်။

Download မဆွဲသင့်သော Application ၃၅ ခု၏ Logo များအား ပူးတွဲဖော်ပြထားပါသည်။ ယခုတင်ပြနေသည့် Online ချေးငွေလုပ်ငန်းအမည်ခံ Application များသည် Download ဆွဲ၍ ဝင်ရောက်လိုက်သည်နှင့် ချေးလိုသော ငွေပမာဏ၏ ၇၅ ရာခိုင်နှုန်းခန့် ငွေလွှဲပို့ပါသည်။ သို့သော် ငွေလွှဲမပို့မီ အောက်ပါအချက် (၇) ချက်အား သဘောတူညီမှု (Access) ပေးရပါမည်။ တရားမဝင် ချေးငွေလုပ်ငန်းများ အသုံးပြုသည့် Application များတွင် Install ပြုလုပ်ရန်အတွက် ပေးရသည့် Permission များကြောင့် အသုံးပြုသူအား ထိခိုက်စေနိုင်သည့် အချက်များမှာ-

(က) Camera မှတစ်ဆင့် Application မှ ပုံများတောင်းခံရာတွင် ပေးနိုင်ရန် ထည့်သွင်းထားခြင်း ဖြစ်သော်လည်း ၎င်းတို့ တောင်းခံလာသည့် Camera Permission အား Access ပြုလုပ်မိပါက Developer များမှ အသုံးပြုသူ မသိရှိဘဲ ပုံများ၊ ဗီဒီယိုများအား ရယူသွားနိုင်ခြင်း။

*စာမျက်နှာ ၁၁ သို့*

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများ

*တွေ့ဆုံမေးမြန်း-ဝင်းဝင်း*

**သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center– DMC) သည် မိုခါမုန်တိုင်းနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ပေးသည့် ဗဟိုဌာနဖြစ်သည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်တွင် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်းထားရှိပြီး အဆိုပါလုပ်ငန်းကော်မတီများသည် DMC တွင် စုဖွဲ့ကာ မိုခါမုန်တိုင်းနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းကော်မတီ ၁၂ ခု အနက် တစ်ခုအပါအဝင်ဖြစ်သည့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကော်မတီအတွင်းရေးမှူး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူနှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။**

မေး။ ။ မုန်တိုင်းမကျရောက်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုတွေကို ပြောပြပေးစေလိုပါတယ်ရှင့်။

ဖြေ။ ။ အလွန်အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်း မိုခါဝင်ရောက်နိုင်တဲ့ ဒေသတွေကို ကယ်ဆယ်ရေးပစ္စည်း၊ ထောက်ပံ့ရေးပစ္စည်းတွေ အချိန်မီပို့ဆောင်နိုင်ဖို့အတွက် ယာဉ်တွေစုဖွဲ့ထားရှိခဲ့ရှိတယ်။ ဆက်သွယ်ရေး Terminal တွေ ပို့ဆောင်ခဲ့ပါတယ်။ မုန်တိုင်းမကျရောက်မီ ကယ်ဆယ် ထောက်ပံ့ရေးပစ္စည်းတွေကို လေယာဉ်၊ မော်တော်ယာဉ်တို့နဲ့ ကြိုတင်ပို့ဆောင်ပေးခဲ့ပါတယ်။ ဒါ့အပြင် မုန်တိုင်းဝင်ရောက်နိုင်မယ့် ဒေသတွေမှာ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်တွေ၊ ရေယာဉ်တွေကို အသင့်စုဖွဲ့ထားရှိပြီး ရန်ကုန်၊ ပြည်နဲ့ မကွေးမြို့တို့မှာ သယ်ယူပို့ဆောင်ရေး ကိစ္စတွေအတွက် အရေးပေါ်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ ကုန်းလမ်းပို့ဆောင်ရေးက ကုန်တင်မော်တော်ယာဉ် ၈၇ စီးကို အသင့်စုဖွဲ့ထားရှိခဲ့ပါတယ်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေနဲ့ မေ ၆ ရက်က စတင်ပြီး MRTV, MWD အပါအဝင် ရေဒီယိုနဲ့ ရုပ်မြင်သံကြားတွေကနေ မုန်တိုင်းအခြေအနေကို အသိပေးကြေညာချက် ၄၈ ကြိမ် ထုတ်ပြန်တာ၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနအနေနဲ့ မုန်တိုင်းသတိပေးချက်ကို မိုဘိုင်းဖုန်းအော်ပရေတာလေးခုကနေ မိုဘိုင်းဖုန်းသုံးစွဲသူတွေထံ စာတို (SMS) ပေးပို့တာတွေကို အများပြည်သူ သိရှိနိုင်စေဖို့ ကြိုတင်နှိုးဆော် သတိပေးနိုင်ခဲ့ပါတယ်။

မေး။ ။ မုန်တိုင်းဝင်ရောက်ပြီးချိန်မှာ ဘယ်လိုဆောင်ရွက်ခဲ့ပါသလဲ။

ဖြေ။ ။ ပို့ဆောင်ရေးကဏ္ဍအနေနဲ့ မုန်တိုင်းဝင်ရောက်ပြီးချိန်မှာ အသင့်စုဖွဲ့ထားတဲ့ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်တွေနဲ့ ဝန်ကြီးဌာနတွေနဲ့ လူမှုရေးအသင်းအဖွဲ့တွေက ပို့ဆောင်လိုတဲ့ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းတွေကို ပို့ဆောင်ပေးခဲ့ပါတယ်။ ဇွန် ၇ ရက်အထိ တပ်မတော်လေယာဉ် ၁၅၂ ခေါက်နဲ့ လူ ၃၄၇၇ ဦး၊ ကုန် ၄၅၄ ဒသမ ၆၂ တန်၊ စစ်ရေယာဉ်ရှစ်စင်းနဲ့ လူ ၈၇၄ ဦး၊ ကုန် ၃၆၁၃ ဒသမ ၂ တန်၊ အရပ်ဘက်ပို့ဆောင်ပေးမှုအနေနဲ့ လေယာဉ်လေးစင်းနဲ့ ဝ ဒသမ ၆၁၈ တန်၊ မော်တော်ယာဉ်နှစ်စီးနဲ့ ၃၂ ဒသမ ၀၂၀ တန်၊ ရေယာဉ်ကိုးစင်းနဲ့ ၁၃၆၉၀ ဒသမ ၀၉၃ တန် စုစုပေါင်း အရပ်ဘက်၊ စစ်ဘက် ပို့ဆောင်နိုင်မှုမှာ လူ ၄၃၅၁ ဦး၊ ကုန် ၁၇၇၉၀ ဒသမ ၅၅၃ တန် တို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီရဲ့ လမ်းညွှန်မှုနဲ့ ပို့ဆောင် ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး ရန်ကုန်ဆိပ်ကမ်းမှာ ရေယာဉ်ကြီးနှစ်စင်းပေါ်ကို တန်ချိန် ၄၀၀၀ ခန့် တင်ဆောင်ဆဲဖြစ်ပြီး ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်ရှိတဲ့အတွက် လှိုင်းလေပြန်ငြိမ်တာနဲ့ ထွက်ခွာနိုင်ဖို့ စီစဉ်လျက်ရှိပါတယ်။



စစ်ရေယာဉ်(မုတ္တမ)ဖြင့် စစ်တွေမြို့သို့ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်စဉ်။

**မုန်တိုင်းမကျရောက်မီ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းတွေကို လေယာဉ်၊ မော်တော်ယာဉ်တို့နဲ့ ကြိုတင်ပို့ဆောင်ပေးခဲ့ပါတယ်။ ဒါ့အပြင် မုန်တိုင်းဝင်ရောက်နိုင်မယ့်ဒေသတွေမှာ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်တွေ၊ ရေယာဉ်တွေကို အသင့်စုဖွဲ့ထားရှိပြီး ရန်ကုန်၊ ပြည်နဲ့ မကွေးမြို့တို့မှာ သယ်ယူပို့ဆောင်ရေးကိစ္စတွေအတွက် အရေးပေါ်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ ကုန်းလမ်းပို့ဆောင်ရေးက ကုန်တင်မော်တော်ယာဉ် ၈၇ စီးကို အသင့်စုဖွဲ့ထားရှိ**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် MV. AQUARIUS သင်္ဘောနဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဓာတ်တိုင်၊ တာဝါတိုင်တွေ၊ မြန်မာ့သစ်လုပ်ငန်းမှ သစ်ခွဲသားတွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်၊ တာပေါ်လင်၊ မိုးကာတဲ၊ ရေတိုင်ကီ၊ Chain Saw၊ ခေါက်ဆွဲခြောက်နဲ့ သွပ်တွေ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ Fiber Cable ကြိုးခွေတွေ၊ တာဝါတိုင်တွေ၊ ဂျင်နရေတာတွေ၊ စွမ်းအင်ဝန်ကြီးဌာနက လေယာဉ်ဆီပီပါတွေ၊ ကကပံ့က မိုးကာတဲတွေ စသဖြင့် ဝန်ကြီးဌာနတွေ၊ တပ်ရင်း၊ တပ်ဖွဲ့တွေက ပို့ဆောင်လိုတဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ၊ ထောက်ပံ့ရေးပစ္စည်းတွေ၊ ဆောက်လုပ်ရေးပစ္စည်းတွေ တန်ချိန် ၁၄၆၉ ဒသမ ၈၆၀ ကို မေ ၁၆ ရက်က စတင်တင်ဆောင်ပြီး မေ ၁၉ ရက်မှာ စစ်တွေမြို့ကို ပို့ဆောင်ပေးခဲ့ပါတယ်။

မေ ၁၈ ရက်မှာ အဓိကပို့ဆောင်ရမယ့် လျှပ်စစ်ဓာတ်တိုင်တွေ၊ ကေဘယ်ကွိုင်တွေ၊ ထရန်စဖော်မာတွေ၊ ကြွေသီးတွေ၊ တာဝါတိုင်တွေ၊ ဆက်သွယ်ရေးကွန်ကရစ်တိုင်တွေ၊ ဆန်အိတ်တွေ၊ မိုးကာတဲတွေ စတဲ့ ဝန်ကြီးဌာန၊ တပ်ရင်း၊ တပ်ဖွဲ့တွေက ပို့ဆောင်လိုတဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ၊ ထောက်ပံ့ရေးပစ္စည်းတွေ၊ ဆောက်လုပ်ရေးပစ္စည်းတွေ ၃၁၄၁ ဒသမ ၃၄၀ တန်ကို MV.SUN SHINE သင်္ဘောနဲ့ ပို့ဆောင်ပေးခဲ့ပါတယ်။ အလားတူ မြေတူးစက်တွေ၊ Dozer၊ ကရိန်း၊ ဝန်ချီစက်၊ ဖြတ်/ ဖောက်စက်၊ ထရန်စဖော်မာ၊ Insulated Cable၊ Mobile



စစ်တွေမြို့သို့ Mobile Terminal (BTS) ပစ္စည်းများ ပို့ဆောင်စဉ်။



ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူ

Tower၊ Prime Mover Truck၊ Mobile Generator၊ မိုးကာတဲ၊ သစ်ခွဲသား၊ ဘိလပ်မြေ၊ သွပ်၊ သံစတဲ့ ဝန်ကြီးဌာန၊ တပ်ရင်း၊ တပ်ဖွဲ့တွေက ပို့ဆောင်လိုတဲ့ ကယ်ဆယ်ရေးပစ္စည်း၊ ထောက်ပံ့ရေးပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းတွေ ၁၂၄၇ ဒသမ ၁၇၀ တန်ကို MV.FORTUNE သင်္ဘောနဲ့တင်ဆောင်ပြီး မေ ၂၁ ရက်မှာ စစ်တွေမြို့ကို ပို့ဆောင် ပေးခဲ့ပါတယ်။ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း ကော်မတီအနေနဲ့ ဝန်ကြီးဌာနတွေ၊ တပ်ရင်း၊ တပ်ဖွဲ့တွေက ပို့ဆောင်လိုတဲ့ ကယ်ဆယ်ရေးပစ္စည်း၊ ထောက်ပံ့ရေးပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းတွေ၊ စားသောက်ကုန်ပစ္စည်းတွေကို ရေယာဉ်တွေနဲ့ ပို့ဆောင်လျက်ရှိရာ မေ ၂၂ ရက်မှာ ဆန်၊ တာပေါ်လင်၊ သွပ်၊ သံ၊ မိုးကာတဲ၊ သစ်ခွဲသား၊ ကရိန်းယာဉ်၊ လျှပ်စစ်လုပ်ငန်းသုံးပစ္စည်းတွေ၊ AHA Center မှ လှူဒါန်းပစ္စည်းတွေ၊ စားသောက်ကုန်၊ လူသုံးကုန်တွေ ၁၇၅၁ ဒသမ ၃၅၆ တန်ကို တင်ဆောင်ပြီး မေ ၂၅ ရက်မှာ MCL–5 သင်္ဘောနဲ့ စစ်တွေမြို့ကို ပို့ဆောင်ပေးခဲ့ပါတယ်။

မုန်တိုင်းဒဏ်သင့်ဒေသတွေ ပြန်လည်ထူထောင်ရေးအတွက် လယ်ယာသုံးထွန်စက်နဲ့ ဆက်စပ်ပစ္စည်းတွေ၊ သစ်ခွဲသား၊ ဓာတ်တိုင်၊ လျှပ်စစ်လုပ်ငန်းသုံး ပစ္စည်းတွေ၊ ဆက်သွယ်ရေးတာဝါတိုင်တွေ၊ သွပ်၊ သံ၊ ဆန်တွေ၊ ယူနန်ပြည်နယ်နဲ့ AHA Center တို့မှ လှူဒါန်းပစ္စည်းတွေစတဲ့ ကယ်ဆယ်ရေးပစ္စည်း၊ ထောက်ပံ့ရေးပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ လူသုံးကုန်နဲ့ စားသောက်ကုန်ပစ္စည်း ၁၆၃၀ ဒသမ ၆၀၁ တန်ကို မေ ၂၅ ရက်မှာ တင်ဆောင်ပြီး မေ ၂၈ ရက်မှာ MCL–3 သင်္ဘောနဲ့ စစ်တွေမြို့ကို ပို့ဆောင်ပေးခဲ့ပါတယ်။

ဆက်လက်ပြီး မေ ၂၆ ရက်မှာ MV.Charites သင်္ဘောနဲ့ သစ်လုံး၊ သစ်ခွဲသား၊ အုတ်၊ ဘိလပ်မြေ၊ သံ၊ သွပ်၊ ရေသန့်၊ အဝတ်အထည်၊ ဆေးဝါး၊ ဆန်အိတ်စတဲ့ ကယ်ဆယ်ရေးပစ္စည်း၊ ထောက်ပံ့ရေးပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ လူသုံးကုန်နဲ့ စားသောက်ကုန်ပစ္စည်း ၂၄၄၂ ဒသမ ၅၁၆ တန်ကို တင်ဆောင်ပြီး မေ ၃၀ ရက်မှာ စစ်တွေမြို့ကို ပို့ဆောင်ပေးခဲ့ပါတယ်။

မေ ၃၁ ရက်မှာ MV. Weru Pack Kha သင်္ဘောနဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ၊ ထောက်ပံ့ရေးပစ္စည်းတွေ၊ ဆောက်လုပ်ရေးပစ္စည်းတွေ၊ လူသုံးကုန်နဲ့ စားသောက်ကုန်ပစ္စည်းတွေကို မုန်တိုင်းဒဏ်သင့်ပြည်သူတွေထံ အချိန်မီဆက်လက်ပို့ဆောင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

*စာမျက်နှာ ၁၁ သို့*

# လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်များဖြင့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးမှု

၁၆-၅-၂၀၂၃ ရက်မှ ၁၃-၆-၂၀၂၃ ရက်အထိ

| စဉ် | ယာဉ်အမျိုးအစား | စီး/ခေါက်ရေ | ပို့ဆောင်ခဲ့သည့် လူဦးရေ | ကုန်(တန်) | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | တပ်မတော်လေယာဉ် | ၁၅၂ | ၃၄၇၇ | ၄၅၄.၆၂၂ | |
| ၂ | စစ်ရေယာဉ် | ၈ | ၈၇၄ | ၃၆၁၃.၂ | |
| ၃ | အရပ်ဘက်လေယာဉ် | ၄ | - | ၀.၆၁၈ | |
| ၄ | အရပ်ဘက်မော်တော်ယာဉ် | ၂ | - | ၃၂.၀၂၀ | |
| ၅ | အရပ်ဘက်ရေယာဉ် | ၉ | - | ၁၃၆၉၀.၀၉၃ | |
| ပို့ဆောင်နိုင်မှုပေါင်း | | ၁၇၅ | ၄၃၅၁ | ၁၇၇၉၀.၅၅၃ | |
| ၁၃-၆-၂၀၂၃ (၀၉:၃၀ နာရီထွက်ခွာဆဲ) | | ၂ | - | ၄၀၀၀ | အရပ်ဘက်ရေယာဉ် |

*စာမျက်နှာ ၁၀ မှ*

မုန်တိုင်းဒဏ်သင့်ဒေသတွေ ပြန်လည်ထူထောင်ရေးအတွက် စစ်လေယာဉ်၊ စစ်ရေယာဉ်တို့နဲ့ ပို့ဆောင်ပေးနေသလို ပုဂ္ဂလိကလေကြောင်းလိုင်းတွေ၊ ရေယာဉ်တွေ၊ မော်တော်ယာဉ်တွေနဲ့ ပို့ဆောင်ပေးလျက်ရှိပါတယ်။

မုန်တိုင်းဝင်ရောက်ပြီး စစ်တွေလေဆိပ် Control Tower အမိုးပွင့်ပြီး ရေဝင်ခဲ့ပါတယ်၊ အင်တင်နာ (Antenna) လဲသွားတယ် စသဖြင့် ၉၀ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့ပါတယ်။ စစ်တွေလေယာဉ်ကွင်းမှာ လျှပ်စစ်မီးမရရှိသေးတဲ့အတွက် မီးစက်တွေ အသုံးပြုပြီး ပျက်စီးမှုတွေ အမြန်ဆုံး ပြန်လည်ပြင်ဆင်နိုင်ဖို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ပညာရှင်တွေ ပါဝင်တဲ့အဖွဲ့တွေနဲ့ အမြန်ဆုံးပြုပြင်နိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်။ လေကြောင်းလိုင်းတွေလည်း ပုံမှန်ပြေးဆွဲလျက်ရှိပြီး ခရီးသွားပြည်သူတွေအနေနဲ့ အဆင်ပြေစွာသွားလာလျက်ရှိပါတယ်။

မေး။ ။ ဆက်သွယ်ရေးကဏ္ဍအနေနဲ့ ဆောင်ရွက်မှုတွေကိုလည်း သိလိုပါတယ်။

ဖြေ။ ။ မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးအော်ပရေတာလေးခုရဲ့ မိုဘိုင်းစခန်း ၁၂၃၃ ခုရှိတဲ့အနက် မိုဘိုင်းစခန်း ၉၀၄ ခု ဆက်သွယ်မှုပြတ်တောက်ခဲ့ပြီး စခန်း ၃၂၉ ခုသာ ဝန်ဆောင်မှုပေးခဲ့ရပါတယ်။ မေ ၁၄ ရက် နေ့လယ်ပိုင်း မိုခါမုန်တိုင်းတိုက်ခတ်ပြီး Satelite Terminal (B2B) တွေကို စစ်တွေ၊ ကျောက်ဖြူ၊ ဘူးသီးတောင်၊ ရသေ့တောင်၊ ပေါက်တောမြို့နဲ့ ချင်းပြည်နယ်တို့ကို ပို့ဆောင်တပ်ဆင်ပြီး တစ်မြို့မှာ ဖုန်းလိုင်းလေးလိုင်းနဲ့ ညနေပိုင်းကစပြီး ဆက်သွယ်ခေါ်ဆိုနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

အရေးပေါ်ဆက်သွယ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုအနေနဲ့ ရွေ့လျားမိုဘိုင်းယာဉ် (Cell on Wheel-CoW) ငါးစီးကို မုန်တိုင်းဝင်ရောက်မယ့်ဒေသတွေကို ကြိုတင်ပို့ဆောင်ထားရှိခဲ့ပြီး မုန်တိုင်းဝင်ရောက်ပြီးချိန် အရေးပေါ်ဆက်သွယ်မှုတွေ ရရှိခဲ့ပါတယ်။

မုန်တိုင်းဝင်ရောက်ပြီး မေ ၁၅ ရက်ကစပြီး ဆက်သွယ်မှုပြတ်တောက်ခဲ့တဲ့ မိုဘိုင်းရေဒီယိုဆက်သွယ်ရေးစခန်းတွေကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ခေါင်းဆောင်ပြီး ဝန်ထမ်းစုစုပေါင်း ၂၀၃ ဦး၊ Ooredoo Myanmar Limited မှ Chief Technology and Information Officer, Mr.Jose Sierra ခေါင်းဆောင်ပြီး ဝန်ထမ်း ၅၈ ဦး၊ ATOM Myanmar Limited မှ Chief Technical Officer, Mr.Yash Pal Singh ခေါင်းဆောင်ပြီး ဝန်ထမ်း ၈၂ ဦး၊ Telecom International Myanmar Limited မှ Chief Technical Officer, Mr.Ngo Quang Viet ခေါင်းဆောင်ပြီး ဝန်ထမ်း ၇၉ ဦး စုစုပေါင်း ၄၂၂ ဦးနဲ့ ဆက်သွယ်ရေးကွန်ရက်တွေ ပြန်လည်ကောင်းမွန်စေရေး အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြပါတယ်။

မုန်တိုင်းဝင်ရောက်စဉ် မိုဘိုင်းစခန်းပေါင်း ၁၂၃၃ ခုအနက် ဇွန် ၇ ရက်အထိ ၁၂၀၃ ခု ပြန်လည်ကောင်းမွန်နေပြီး ဆက်သွယ်မှု ၉၈ ရာခိုင်နှုန်း ဝန်ဆောင်မှုရရှိပြီဖြစ်ပါတယ်။ ကျန်တဲ့ မိုဘိုင်းစခန်း ၃၀ ကို ဆက်သွယ်မှုအမြန်ပြန်လည် ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ။



စစ်တွေမြို့သို့ ရေယာဉ်များဖြင့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်စဉ်။



စစ်တွေမြို့သို့ ရေယာဉ်များဖြင့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်စဉ်။

*စာမျက်နှာ ၉ မှ*

(ခ) Contacts အား Access ပေးလိုက်မိပါက မိမိဖုန်းအတွင်းရှိ Contacts အားလုံးအား Developer များက သိရှိပြီး ဆက်သွယ်မှုပြုလုပ်ခြင်း၊ ညစ်ညမ်းစွာ ဆဲဆိုမှုများ ပြုလုပ်နိုင်ခြင်း၊ ခြိမ်းခြောက်ငွေညှစ်မှုများ ပြုလုပ်နိုင်ခြင်း။

(ဂ) Location အား Access ပေးလိုက်မိပါက Developer များက အသုံးပြုသူ၏ သွားလာလှုပ်ရှားနေထိုင်မှု အချက်အလက်အားလုံးအား သိရှိနိုင်ခြင်း၊ မသမာသူများ၏ လုပ်ကြံသတ်ဖြတ်မှု၊ ပြန်ပေးမှု၊ ဓားပြမှု၊ အိမ်ဖောက်ထွင်းဝင်ရောက်မှုများအထိ ကျူးလွန်လာနိုင်ပါသည်။

(ဃ) Phone Call အား Access ပေးလိုက်မိပါက အသုံးပြုသူ၏ ဖုန်းခေါ်ဆိုမှု အချက်အလက်အားလုံးအား Developer များက သိရှိနိုင်ခြင်း။

(င) SMS အား Access ပေးလိုက်မိပါက အသုံးပြုသူထံသို့ ဝင်ရောက်လာသည့် Messages အား Developer များ သိရှိနိုင်သဖြင့် အသုံးပြုသူ၏ Social Media နှင့် ပတ်သက်သော အချက်အလက်များအား ရယူနိုင်ခြင်း။ (ဥပမာ- Google, Facebook, Wave Money, KBZ pay, Verification Code)

(စ) Storage အား Access ပေးလိုက်မိပါက အသုံးပြုသူအား Media Access Control ပြုလုပ်နိုင်သဖြင့် အသုံးပြုသူဖုန်းအတွင်းမှ ဓာတ်ပုံနှင့် ဗီဒီယိုများအား Developer များက ရယူနိုင်ခြင်း။ Storage အတွင်းရှိ အချက်အလက်များအား ပြုပြင်ခြင်း၊ Delete ပြုလုပ်မှုများ ဆောင်ရွက်နိုင်ခြင်း။

(ဆ) Other အနေဖြင့် အသုံးပြုသူ၏ ID အချက်အလက်များအား Developer များက ကြော်ငြာမှ ပြုလုပ်နိုင်ခြင်း။ Wi-Fi များ၏ ချိတ်ဆက်မှုအား ဖြတ်တောက်နိုင်ခြင်း။

အနီးစပ်ဆုံး ဥပမာအနေဖြင့် မိမိမှ ငွေပြန်မဆပ်ပါက Contact တွင်ရှိ အဖေ (သို့မဟုတ်) အမေ (သို့မဟုတ်) မိန်းမထံ Sim Card မျိုးစုံဖြင့် ဖုန်းဆက်၍ ပြဿနာရှာခြင်း၊ ညစ်ညမ်းယုတ်ညံ့စွာ ဆဲဆိုခြင်းများ ခံရနိုင်သည့်အပြင် Facebook Account၊ Telegram Account အစရှိသည်တို့နှင့်လည်း ၎င်းတို့၏ အကောင့်အတုများဖြင့် အသရေဖျက်လာနိုင်ပါသည်။ လက်တွေ့ခံရသူအများအပြား ရှိနေပါသည်။ ထို့ပြင် မိမိတို့ မိသားစု၊ ချစ်သူ၊ သမီးရည်းစား ဓာတ်ပုံ/ဗီဒီယိုများ၏ အချက်အလက်များကိုပါ ရရှိသွားနိုင်သည့်အပြင် Black mail (ငွေညှစ်ခြင်း)များ ဖြစ်ပေါ်လာနိုင်ပါသဖြင့် ထိုသို့ ငွေချေးလိမ်လည်မှုပြုနေသည့် ထောင်ချောက် ၃၅ ခုအတွင်း ဝင်ရောက်မှုမရှိစေရေး၊ ဆရာ ဆရာမများ၊ မိဘဆွေမျိုး အကြီးအကဲများ၊ ညီအစ်ကိုမောင်နှမအချင်းချင်း ဆင့်ပွားပညာပေးခြင်းဖြင့် အချင်းချင်းရိုင်းပင်းကူညီနိုင်ကြပါရန် အသိပေးရေးသားတင်ပြလိုက်ရပါသည်။ ။

**Online လောင်းကစား Application များအား လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခြင်း ခံရနိုင်ပါသည်။**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာ စိုက်ပျိုး၊မွေးမြူရေး အထက်တန်းကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲနှင့် ကျောင်းဖွင့်ပွဲအခမ်းအနားတက်ရောက်

**မကွေး ဇွန် ၁၃**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇွန် ၁၃ ရက်က မကွေးခရိုင် မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲနှင့် ကျောင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး လင်းထွဋ်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ယာပုံ)

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ယခုဖွင့်လှစ်ပေးသည့် ကျောင်းအပါအဝင် ခရိုင်လေးခု၌ ကျောင်းပေါင်း လေးကျောင်းကို ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးပညာရပ်များကို သုံးနှစ်ကြာ စာတွေ့၊ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများကို အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ကြောင်း၊ ကျောင်းတွင်းသတ်မှတ်ချက် အရည်အချင်းများနှင့်ကိုက်ညီပြီး တက်ရောက်ပြီးစီးသူများအနေဖြင့် သတ်မှတ်ထားသောတက္ကသိုလ်နှင့် ကောလိပ်ကျောင်းများတွင် လွယ်လင့်တကူ ဆက်လက်တက်ရောက်ပညာသင်ကြားနိုင်မည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ရရှိစေနိုင်မည်ဖြစ်ကြောင်းစသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့သစ်မြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများ (မူ၊လယ်၊ထက်)ကျောင်းအုပ်ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ လာမည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် သင်ကြားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး ဆရာ ဆရာမများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သန်းဝင်းထွန်း (ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"PDF အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ မီးရှို့ဖျက်ဆီးမှုကြောင့် ဖယ်ခုံမြို့နယ် ညောင်ကုန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ တစ်ထပ်ကျောင်းဆောင်တစ်ဆောင် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဇွန် ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိသည့် ဖြစ်စဉ်"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေ မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်း ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၁၃**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

*နိုင်ငံတကာသတင်း*

## ဖိလစ်ပိုင်နိုင်ငံ၌ မီးတောင်အန္တရာယ်ဇုန်မှ အိုးအိမ်စွန့်ခွာသူ လူပေါင်း ၁၀၀၀၀ ကျော် ရှိလာ

**မနီလာ ဇွန် ၁၃**

မေယွန်မီးတောင်မှ ချော်ရည်နှင့် ပြာများ ဆက်လက်ပန်းထွက်ပျံ့နှံ့လာသည့်အတွက် ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း၌ အိုးအိမ်စွန့်ခွာထွက်ပြေးရသူ ၁၄၀၀၀ ရှိလာကြောင်း သိရသည်။

ပြင်းထန်သော မီးတောင်ပေါက်ကွဲမှုဟု တာဝန်ရှိသူများက ခေါ်သော မေယွန်မီးတောင်ပေါက်ကွဲမှုသည် ဇွန် ၁၁ ရက်တွင် စတင်ခဲ့ပြီး မီးတောင်ဝကနေ ချော်ရည်ပူများ တဖြည်းဖြည်း ပန်းထွက်လာပြီး နောက်ဆုံးတွင် မီးတောင်ထိပ်မှ ၂ ကီလိုမီတာ အကွာအဝေးသို့ ရောက်ရှိခဲ့သည်။

ခြောက်ကီလိုမီတာ ဝေးကွာပြီး အန္တရာယ်ရှိသည့်ဇုန်နားနေထိုင်ကြသော အယ်ဘေးပြည်နယ်မှ နေထိုင်သူများသည် ကယ်ဆယ်ရေး စခန်းများဆီ ထွက်ပြေးခဲ့ရသည်ဟု ဆိုသည်။ ဖိလစ်ပိုင်နိုင်ငံ၏ သတိပေးချက်စနစ်တွင် အဆင့် ၅ ဆင့်ရှိပြီး လတ်တလော ပေါက်ကွဲမှုသည် အဆင့် ၃ ပေါက်ကွဲမှုဖြစ်ကြောင်း ခန့်မှန်းထားသည်။




ဖိလစ်ပိုင် လေကြောင်းထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့သည် အန္တရာယ်ရှိသောမီးတောင်ပြာများက လေယာဉ်အင်ဂျင်ကို ထိခိုက်စေနိုင်သည့်အတွက် မေယွန်မီးတောင်ထိပ်နှင့် နီးကပ်စွာ ပျံသန်းမှုအား ရှောင်ရှားနိုင်ရန် အကြံပြုထားသော သတိပေးချက်တစ်ခု ထုတ်ပြန်ထားသည်။

မေယွန် မီးတောင်သည် ဖိလစ်ပိုင်နိုင်ငံတွင် မီးတောင်အရှင် ၂၄ ခုထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။ ၎င်းနောက်ဆုံး ပေါက်ကွဲခဲ့သည်မှာ ၂၀၁၈ ခုနှစ်ကဖြစ်ပြီး လူပေါင်း ၉၀၀၀၀ ခန့် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရကြောင်း သိရသည်။ ၎င်းမတိုင်ခင် ၁၉၉၃ ခုနှစ်က ပေါက်ကွဲမှုတွင် လူပေါင်း ၇၀ ကျော် သေဆုံးခဲ့သည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**



## နယူးဇီလန် ဝန်ကြီးချုပ် ဟစ်ကင်စ် တရုတ်နိုင်ငံသို့ သွားမည်

**ဝယ်လင်တန် ဇွန် ၁၃**

နယူးဇီလန်ဝန်ကြီးချုပ် ခရစ္စဟစ်ကင်စ်သည် ယခုလနှောင်းပိုင်းတွင် တရုတ်နိုင်ငံသို့ သွားရောက်ကာ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း ဇွန် ၁၂ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

တရုတ်နိုင်ငံသည် နယူးဇီလန်နိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ ခရစ္စဟစ်ကင်စ်သည် ဇွန်လကုန်၌ ပေကျင်း၊ ထျန်ကျင်းနှင့် ရှန်ဟိုင်းတို့သို့ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်လာမည်ဖြစ်သည်။ ၎င်း၏ အဆိုပါခရီးစဉ်သည် လေးနှစ်အတွင်း နယူးဇီလန်ဝန်ကြီးချုပ် တစ်ဦး၏ ပထမဆုံးခရီးစဉ် ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၎င်းသည်ဇူလိုင်လ၌ လစ်သူယေးနီးယားနိုင်ငံ ဗီွလ်နီးယပ်စ်မြို့၌ပြုလုပ်မည့် နေတိုးထိပ်သီးအစည်းအဝေးပွဲသို့လည်း တက်ရောက်ရန် စီစဉ်ထားသည်။

**အင်န်အိတ်ချ်ကေ**

## လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၄၀၉၅ ဦးအထိ မြင့်တက်လာ

**ဗီယင်ကျန်း ဇွန် ၁၃** – ယခုနှစ် ဇန်နဝါရီလနောက်ပိုင်း လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၄၀၉၅ ဦးအထိ မြင့်တက်လာကြောင်း ဇွန် ၁၃ ရက်က လာအိုကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ လာအိုကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဆိုင်ရာသတင်းအချက်အလက်နှင့် ပညာရေးဌာန၏ အစီရင်ခံစာတစ်ခု၌ လာအိုနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ အသစ် ၆၇ ဦးရှိသည့်အတွက် စုစုပေါင်းရောဂါကူးစက်ခံရသူ ၄၀၉၅ ဦးအထိ မြင့်တက်လာခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ သွေးလွန်တုပ်ကွေးရောဂါ အများဆုံးကူးစက်ဖြစ်ပွားသည့် ပြည်နယ်မှာ အူဒွန်ဇေပြည်နယ်ဖြစ်ပြီး စုစုပေါင်း ၈၀၇ ဦးရှိကာ ၎င်းနောက်တွင် ခန်းမွမ်းပြည်နယ်မှာ ၆၃၈ ဦး၊ ဇေယာဘော်ရီပြည်နယ်မှာ ၃၇၅ ဦးနှင့် နိုင်ငံ၏မြို့တော်ဗီယင်ကျန်းမှာ ၃၅၉ ဦးဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇွန် ၁၃

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရွှေမြိုင်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ (IBEC)၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋကစိန်ရွှေဖူး ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မြောက်ဥက္ကလာပမြို့နယ်ရှိ ပညာလင်္ကာရမဏ္ဍိုင် ကျောင်းတိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ ဥက္ကံသာရာမရွှေကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ စွမ်ခမ်းကျောင်းတိုက်များသို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ်ရှိ မဟာနန္ဒိသေနာရာမကျောင်းတိုက်နှင့် အောင်မြေသာစံ မြို့နယ်ရှိ မဟာကုသိုလ်တော်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်နှင့် ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ကုန်းသာပရိယတ္တိစာသင်တိုက်များသို့ ဆန်ကြာဆံ များကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှော်ကားကြိုးဝိုင်းအတွင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနက မင်္ဂလာဒုံမြို့နယ် လှော်ကားကြိုးဝိုင်းအတွင်း ဇွန် ၁၂ ရက်က ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဌာနဆိုင်ရာများ၊ သစ်တော ဝန်ထမ်းများ အင်အား ၈၂၀ ဦးဖြင့် အမြင့် နှစ်ပေနှင့်အထက်ရှိသော ကျွန်း၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ မန်ကျည်း၊ ပျဉ်းမ၊ ကံ့ကော်၊ ခရေ စုစုပေါင်းပျိုးပင် ၅၀၀၀ ကိုစိုက်ပျိုးကြသည်။



ရန်ကုန်တိုင်း ဒေသကြီး သစ်တောဦးစီးဌာန အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လူထုဖြန့် ပျိုးပင်ပေါင်း ၄၅၀၀၀၀ ကို ၂၀၂၃ ခုနှစ် မိုးရာသီတွင် ဆက်လက်၍ ဖြန့်ဝေစိုက်ပျိုး သွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ပြင်ဦးလွင်မြို့နယ် မေရှိုးမန်းသယ်ယူပို့ဆောင်ရေးသမအသင်း နှစ်ပတ်လည်စည်းဝေး

ပြင်ဦးလွင် ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မေရှိုးမန်းသယ်ယူပို့ဆောင် ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်



နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်းကို မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်၊ ပြင်ဦးလွင်ခရိုင် ပို့/ဆက်ဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်နိုင်ဦး၊ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင် ဒါရိုက်တာအဖွဲ့ဝင် များ၊ အသင်းသား အသင်းသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တက်ရောက်လာသော အသင်းသား အသင်းသူ များအား အစုပေါ် အမြတ်ငွေကျပ် ၈၆ သိန်း၊ ယာဉ်မှူးဝန်ထမ်းလုပ်အား ချီးမြှင့်ငွေကျပ် ၁၄ ဒသမ ၆ သိန်းနှင့် ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၁၆ သိန်း စုစုပေါင်း ငွေကျပ် ၁၁၆ ဒသမ ၆ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပေါက်တောမြို့နယ်၌ ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ဆားငန်ရည်ဝင်ရောက်သွားခဲ့သော ရေကန်များကို ရေစုပ်စက်များဖြင့် ရေစုပ်ယူဆောင်ရွက်လျက်ရှိ

ပေါက်တော ဇွန် ၁၃

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ကျေးရွာများ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် ဆားငန်ရည်ဝင်ရောက်သွားခဲ့သော ရေကန်များကို ရေစုပ်စက်များဖြင့် ရေများစုပ်ယူဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပေါက်တောမြို့နယ် င/ဝက်ချွေ ကျေးရွာအုပ်စု ဇေယျဝတီကျေးရွာတွင် ဆားငန်ရည်ဝင်ရောက်ခဲ့သော ရေကန်သုံးကန်ကို ဆားငန်ရည်ရေဆိုးများ စုပ်ယူနေမှုအခြေအနေကို မြို့နယ်ဦးစီးမှူး ဦးဦးသန်းထွန်းနှင့် အင်ဂျင်နီယာတို့က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

## နေပြည်တော် ဇေယျာသီရိမြို့နယ် (ရန်ကုန် - မန္တလေးလမ်းဟောင်း)၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား တစ်ဦးသေဆုံး

နေပြည်တော် ဇွန် ၁၃

နေပြည်တော် ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု ခေတ်အေးကျေးရွာ နီလာရိုးမဆီဆိုင်ရှေ့ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် ၂၃၈/၄ -၂၃၈/၅ ကြား၌ ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က တွဲကားတစ်စီး တိမ်းမှောက်ကာ ယာဉ်မောင်းသေဆုံးခဲ့ကြောင်း သိရသည်။

### အရှိန်မထိန်းနိုင်ဘဲ သစ်ပင်တိုက်

ဖြစ်စဉ်မှာ တပ်ကုန်းဘက်မှ ပျဉ်းမနားဘက်သို့ မောင်းနှင်လာသော တွဲကား-ယာဉ်အမှတ် 9R -6862 ယာဉ်မောင်း ဇော်မင်းသိန်း အသက် စိစစ်ဆဲသည် ရန်ကုန်- မန္တလေးအမြန်လမ်းဟောင်း မိုင်တိုင်အမှတ် ၂၃၈/ ၄ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု နီလာရိုးမဆီဆိုင်ရှေ့ အရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောရှိ သစ်ပင်များကို တိုက်ကာ ရပ်တန့်သွားခဲ့ပြီး ယာဉ်မောင်းဖြစ်သူမှာ ရရှိဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။

အဆိုပါ သေဆုံးယာဉ်မောင်းကို ပြည်စံအောင်ကရုဏာရှင်လူမှု



ကူညီရေးပရဟိတအသင်းကားဖြင့် နေပြည်တော် ခုတင် -၁၀၀၀ သို့ ပို့ဆောင်ပေးခဲ့ပြီး သက်ဆိုင်ရာက စုံစမ်းစစ်ဆေး အရေးယူထားကြောင်း သိရသည်။

**ဇော်ဘီ**

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန သည် တရားမဝင်သစ်နှင့် သစ်တောထွက် ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိရာ ဇွန် ၅ ရက်မှ ၁၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၅ ဒသမ ၀၅၁၄ တန်၊ သစ်မာ ၈ ဒသမ ၀၀၈၈ တန်၊ အခြား ၄၇ ဒသမ ၆၀၁၄ တန် စုစုပေါင်း ၇၀ ဒသမ ၆၆၁၆ တန်၊ ယာဉ်/ယန္တရား ၁၇ စီး၊ တရားခံ ၂၅ ဦး ဖမ်းဆီးရမိခဲ့ ကြောင်း သစ်တောဦးစီးဌာနမှ သိရ သည်။

**သတင်းစဉ်**

## အုတ်တွင်းမြို့နယ်အတွင်း သုံးစွဲရန်မသင့်သည့်ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှု ရှိ မရှိ ရှောင်တခင်ကွင်းဆင်းစစ်ဆေး

**အုတ်တွင်း ဇွန် ၁၃** - ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်း ခရိုင်အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)နှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာန တို့ ဦးဆောင်၍ ယနေ့နံနက်ပိုင်းက သုံးစွဲရန်မသင့်သည့် ကုန်ပစ္စည်းများ ရောင်းဝယ် ဖောက်ကားမှုရှိ မရှိ ရှောင်တခင်ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(FDA) နှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့က ဦးဆောင်၍ အုတ်တွင်း မြို့မဈေးကြီးအတွင်းနှင့် ဈေးပြင်ပရှိကုန်စုံဆိုင်များ၊ ဆေးဆိုင်များနှင့် အလှကုန်ဆိုင် များသို့ ရှောင်တခင်ကွင်းဆင်းစစ်ဆေးပြီး စားသောက်သုံးစွဲရန် မသင့်သည့်ကုန်စည် များ၊ဆေးဝါးများနှင့် အလှကုန်ပစ္စည်းများကိုနမူနာကောက်ယူပြီး သက်တမ်းလွန် ပစ္စည်းများ ရောင်းချခြင်းမပြုရန် ဆိုင်ရှင်များအား ဝန်ခံကတိလက်မှတ်ထိုးရယူခြင်း၊ ကုန်ပစ္စည်းများအားလုံးအပေါ်တွင် ပါရှိရမည့်ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံ စွာမှန်ကန်စွာရေးသားထားခြင်းရှိ မရှိတို့ စစ်ဆေးဆောင်ရွက်သည်။

အဆိုပါစစ်ဆေးမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး၊ စည်ပင်သာယာရေး၊ ကျန်းမာ ရေးနှင့်မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည်။ **အေမင်းရည်စော(ပြန်/ဆက်)**

# မျှော်လင့်ချက်တွေ အကောင်အထည်ပေါ်ဖို့ အောင်ဘာလေအွန်လိုင်းထီထိုးကြစို့

**ကိုရင်မောင်**

**ကျွန်တော်ဟာ ထီဝါသနာအိုးတစ်ယောက်ပါ။ ငယ်စဉ်ကာလ လုပ်ငန်းခွင်ရောက်တဲ့အချိန်ကစလို့ အခုအချိန်အထိ အောင်ဘာလေထီကို လစဉ်မှန်မှန် ထိုးခဲ့ပါတယ်။ အဲဒီတုန်းက ထီတစ်စောင်ကို နှစ်ကျပ်နှုန်းနဲ့ လစဉ် နှစ်စောင်၊ သုံးစောင် ထိုးဖြစ်တယ်။ ၁၉၈၀ ပြည့်နှစ်ဝန်းကျင် အဲဒီကာလတုန်းက ခေတ်စားတဲ့ ရုပ်ရှင်မင်းသား ကျော်ဟိန်းရဲ့ "နှစ်ကျပ်ဖိုးနဲ့ သိန်းထီထိုး တော်ကြာ သူများဦးသွားမှာစိုး"၊ အဆိုတော် မင်းမင်းလတ်ရဲ့ "နှစ်ကျပ်ဖိုးနဲ့ သိန်းထီထိုး ပျော်စရာဆုကြီးများ တစ်ခုမှမတိုး" စတဲ့သီချင်းတွေကြောင့်လည်း ထီထိုးချင်တဲ့စိတ်တွေ ပိုပြီးဖြစ်စေခဲ့ပါတယ်။**

အဲဒီခေတ်ကာလက မြန်မာပြည်မှာ ခုခေတ်လို ချမ်းသာကြွယ်ဝတဲ့သူတွေ မများကြဘဲ အများစုဟာ လက်လုပ်လက်စားတွေနဲ့ ဝန်ထမ်းတွေများကြပါတယ်။ သူတို့တွေရဲ့ဘဝတွေ ပြောင်းလဲသွားစေဖို့ မျှော်လင့်ချက်ဟာ အောင်ဘာလေထီပဲဖြစ်ပါတယ်။ အဲဒီတုန်းက အမြင့်ဆုံးထီဆုဟာ တစ်သိန်းဆုဖြစ်ပါတယ်။ ရှေးကာလက ကာတွန်းဆရာကြီးဦးဘဂျမ်း ရေးဆွဲခဲ့တဲ့ ကာတွန်းထဲကလို "သူ့လခကနည်းလို့ မပေးစားနိုင်ဘူးဆိုပြီး တစ်ခါတည်း အပြတ်မပြောလိုက်နဲ့နော် သူ့အိတ်ထဲမှာ အောင်ဆုပန်က ထိုးလာတဲ့ ထီလက်မှတ် သုံးစောင်မြင်တယ်ကွ" ဆိုသလိုပဲ သိန်းဆုပေါက်ရင် ပြည့်စုံတဲ့ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်ပါတယ်။ အဲဒီခေတ်က တစ်သိန်းဆုပေါက်ခဲ့ရင် အိုးပိုင်အိမ်ပိုင်၊ ကားပိုင်ဖြစ်နိုင်ပါတယ်။

အောင်ဘာလေထီဈေးနှုန်းဟာ ခေတ်ကာလပြောင်းလဲလာတဲ့အလျောက် နှစ်ကျပ်တန်ကနေ၊ နှစ်ရာတန်၊ ငါးရာတန်၊ ယခု တစ်ထောင်တန်အထိ ဈေးနှုန်းပြောင်းလာခဲ့ပါတယ်။ အမြင့်ဆုံးဆုတွေကလည်း တစ်သိန်း၊ နှစ်သိန်း ကနေ ဆယ်သိန်း၊ သိန်းငါးဆယ်၊ သိန်းတစ်ရာ၊ သိန်းသုံးရာမှ သိန်းငါးထောင်၊ သိန်းတစ်သောင်း၊ သိန်းတစ်သောင်းခွဲအထိ ဖြစ်ခဲ့ပါတယ်။ ကျွန်တော့်ပတ်ဝန်းကျင်က မိတ်ဆွေအပေါင်းအသင်းတွေထဲမှာ နှစ်သိန်းဆုကစလို့ သိန်းသုံးရာ၊ သိန်းငါးရာ ပေါက်တဲ့သူတွေရှိခဲ့ပါတယ်။ သူတို့ဘဝတွေ သိသိသာသာ ပြောင်းလဲသွားခဲ့ကြပါတယ်။ ထီဝါသနာအိုး ကျွန်တော်ကတော့ ထီဆုကြီး တစ်ခါမှ မပေါက်ဖူးဘဲ တွတ်လို့ခေါ်တဲ့ နှစ်လုံး၊ သုံးလုံးတိုက် အောင်ဘာလေထီ ငါးသောင်း၊ တစ်သိန်းဆုတွေ မကြာခဏပေါက်ဖူးပါတယ်။

### လူတိုင်းဟာ ကုသိုလ်ကံတွေ အနည်းအများဆိုသလိုရှိ

ဘယ်လိုပဲဖြစ်ဖြစ် လူဆိုတာဟာ "ကံထမ်းလာတာကို မမြင်ရ၊ လှံထမ်းလာတာကို မြင်ရ" ဆိုသလို ဘဝတစ်လျှောက်မှာ မမြင်နိုင်တဲ့ ကံကြမ္မာအလှည့်အပြောင်းကို မျှော်လင့်ရင်းနဲ့ အောင်ဘာလေထီကို လစဉ်မှန်မှန် ထိုးနေကြတာဖြစ်တယ်။ လူတိုင်းလူတိုင်းဟာ အတိတ်ဘဝက ကုသိုလ်ကံတွေ အနည်းအများဆိုသလိုရှိကြတယ်။ ကုသိုလ်ကံပေးမယ့်အချိန်ရောက်တဲ့အခါ ဒီကံကအကျိုးပေးပါတယ်။ ကောင်းတဲ့ကံ အကျိုးပေးရဖို့အတွက် အလုပ်လုပ်ကြဖို့လိုသလို ထီထိုးထားဖို့လည်း လိုပါတယ်။ ထီထိုးကြတဲ့သူတွေအနေနဲ့ ထီမပေါက်သေးပေမယ့်လည်း စိတ်မပျက်ဘဲ "ငါထိုးလိုက်တဲ့ ထီဖိုးငွေဟာ အများပြည်သူတွေ အကျိုးဖြစ်စေတယ်" ဆိုတဲ့ ကောင်းသောစိတ်စေတနာနဲ့ ထီထိုးမယ်ဆိုရင် စေတနာဟာ ရောင်ပြန်ဟပ် အကျိုးပေးမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရက တရားဝင်ဖွင့်လှစ်တဲ့ အောင်ဘာလေထီဟာ ထီရောင်းရငွေရဲ့ ၆၀ ရာခိုင်နှုန်းကို ထီပေါက်တဲ့သူတွေကို ပြန်လည်ခွဲဝေပေးပြီး ၄၀ ရာခိုင်နှုန်းကို နိုင်ငံ့အခွန်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းကာ ပညာရေး၊ ကျန်းမာရေးစတဲ့ အများပြည်သူအကျိုးအတွက် အသုံးပြုတယ်လို့ သိရှိရလို့ ထီထိုးလိုက်တဲ့ငွေဟာ မပေါက်ပေမယ့် လှူဒါန်းမှုပြုလိုက်သလို မှန်မြတ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်မှာ ထီထိုးတဲ့ပြည်သူတွေ ပိုမိုခံစားခွင့်ရစေဖို့အတွက် ယခင်ထီလက်မှတ်ရောင်းရငွေရဲ့ ၆၀ ရာခိုင်နှုန်းခွဲဝေပေးရာမှ ၇၀ ရာခိုင်နှုန်းအထိ ခွဲဝေပေးလိုက်လို့ ထီထိုးတဲ့သူတွေအတွက် အခွင့်အရေးတွေ ပိုရလာမှာဖြစ်ပါတယ်။

ခေတ်အဆက်ဆက်မှာ အောင်ဘာလေထီကို ပြည်သူတွေကံစမ်းကြတာ များလာတာနဲ့အမျှ ထီလက်မှတ်ဈေးနှုန်းဟာလည်း နှစ်ကျပ်တန်ကနေ တဖြည်းဖြည်းတိုးမြှင့်လာရာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကစတင်လို့ ကျပ်တစ်ထောင်တန်ထီလက်မှတ်ကို စတင်ရောင်းချပေးခဲ့ပြီး အမြင့်ဆုံးဆုမဲ ကျပ်သိန်းတစ်သောင်းခွဲ (သန်း ၁၅၀၀) အထိ တိုးမြှင့်ပေးခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်မှာ အပြောင်းအလဲဖြစ်ပေါ်လာတဲ့ နိုင်ငံရေးကိုအကြောင်းပြုပြီး အဖျက်သမားတွေက နိုင်ငံတော်ကရောင်းချတဲ့ အောင်ဘာလေထီကို အားမပေးဖို့ လှုံ့ဆော်ကြပြီး နှောင့်ယှက်ဖျက်ဆီးမှုတွေ များတာကြောင့် ထီရောင်းချမှုကျဆင်းသွားပြီး အမြင့်ဆုံးထီဆုငွေကို ကျပ်သိန်းငါးထောင်အထိ လျှော့ချခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

### အောင်ဘာလေသိန်းဆုထီကို အဆက်မပြတ် ဖွင့်လှစ်ရောင်းချပေးနေ

နိုင်ငံတော်ရဲ့ တရားဝင်အောင်ဘာလေထီရောင်းချတာနဲ့ပတ်သက်လို့ အားနည်းချက်တွေရှိခဲ့တယ်။ အဖျက်သမားတွေရဲ့ နှောင့်ယှက်မှုကြောင့် လက်လီရောင်းချကြတဲ့ ထီဆိုင်လေးတွေ လျော့နည်းသွားတယ်။ ထီထိုးလိုတဲ့ ပြည်သူတွေ ထီဆိုင်တွေရှာဖွေရတာ အလုပ်တစ်ခုပါပဲ။ ယခင်ကတည်းက ထီလက်မှတ်ဈေးနှုန်းဟာလည်း သတ်မှတ်ဈေးနှုန်းထက် ထီဆိုင်တွေက ဈေးတင်ရောင်းလို့ ပြည်သူလူထုကြားမှာ ဝေဖန်မှုတွေရှိခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူတွေ စိတ်အပန်းပြေစေရေး၊ တရားမဝင်လောင်းကစားလုပ်ငန်းတွေ လျှော့ချတားဆီးကာကွယ်နိုင်ရေးအတွက် အောင်ဘာလေသိန်းဆုထီကို အခက်အခဲများကြားမှ အဆက်မပြတ်ဖွင့်လှစ်ရောင်းချပေးနေတာ တွေ့ရပါတယ်။

ယခုအခါမှာ အောင်ဘာလေသိန်းဆုထီလက်မှတ်တွေကို ပုံနှိပ်ရောင်းချတဲ့စနစ်အပြင် ပြောင်းလဲတိုးတက်လာတဲ့ ခေတ်စနစ်နဲ့အညီ လိုက်လျောညီထွေရှိစေဖို့၊ ထီကံစမ်းသူ မိဘပြည်သူတွေ သတ်မှတ်ဈေးနှုန်းနဲ့ အလွယ်တကူကံစမ်းနိုင်စေဖို့ ရည်ရွယ်ချက်တွေနဲ့ အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ်ကို အကောင်အထည်ဖော်လိုက်တာကို ထီဝါသနာရှင်တစ်ယောက်အနေနဲ့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ရပါတယ်။ ပြည်သူတွေအနေနဲ့ မိုဘိုင်းဖုန်းတွေနဲ့ အက်ပလီကေးရှင်းအမျိုးမျိုးကို အသုံးပြုနေကြရာ အခုစတင်မိတ်ဆက်ပေးလိုက်တဲ့ အောင်ဘာလေအွန်လိုင်းသိန်းဆုထီကို အွန်လိုင်းအက်ပလီကေးရှင်းကတစ်ဆင့် အချိန်မရွေး၊ နေရာမရွေး၊ သတ်မှတ်ဈေးနှုန်းအတိုင်း အလွယ်တကူ အဆင်ပြေစွာ ကံစမ်းနိုင်ကြပြီဖြစ်ပါတယ်။

### မြို့ပြနဲ့ ကျေးလက်ပြည်သူတွေ လွယ်ကူစွာ ထီကံစမ်းနိုင်

မြန်မာနိုင်ငံမှာ အခြားနိုင်ငံတွေနည်းတူ အီလက်ထရွန်နစ်ထီစနစ်ကို အကောင်အထည်မဖော်နိုင်မီစပ်ကြား အွန်လိုင်းထီစနစ်ကို အကောင်အထည်ဖော်ရေးအတွက် ယခင်အစိုးရများလက်ထက်ကပင် လွှတ်တော်မှာ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တာကိုတွေ့ရပါတယ်။ သို့သော်လည်း ထီဥပဒေပြဋ္ဌာန်းထားခြင်းမရှိသေးတာနဲ့ အခြားအကြောင်းအမျိုးမျိုးတွေကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်ကျမှ စတင်အကောင်အထည်ဖော်လိုက်ပြီဖြစ်ပါတယ်။ နိုင်ငံတကာမှာ ခေတ်မီဆန်းသစ်တဲ့ ဒစ်ဂျစ်တယ်နည်းပညာတွေ လုပ်ကိုင်နေတဲ့အချိန်မှာ မြန်မာနိုင်ငံမှာ အွန်လိုင်းထီစနစ်ကို အကောင်အထည်ဖော်လိုက်တာကြောင့် ထီကံစမ်းတဲ့သူတွေ စိတ်ကြိုက်ထီအက္ခရာနဲ့ ဂဏန်းတွေကို ရွေးချယ်ဝယ်ယူနိုင်မှာဖြစ်လို့ မြို့ပြနဲ့ကျေးလက်ပြည်သူတွေအားလုံး အဆင်ပြေလွယ်ကူစွာ ထီကံစမ်းနိုင်တော့မှာဖြစ်ပါတယ်။

အောင်ဘာလေသိန်းဆုထီ အက်ပလီကေးရှင်းကိုအသုံးပြုပြီး ကံစမ်းသူတွေအနေနဲ့ ထီလက်မှတ်ဝယ်ယူတာ၊ ထီဖိုးငွေပေးချေတာကစလို့ ထီပေါက်လို့ ဆုငွေထုတ်ယူတဲ့အဆင့်အထိ ရိုးရှင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ပြီဖြစ်တယ်။ လဆန်း ၁ ရက်နေ့ ထီဖွင့်ပွဲကျင်းပချိန်မှာလည်း ထီတိုက်ရန်မလိုတော့ဘဲ ကံထူးသူတွေရဲ့ မိုဘိုင်းတယ်လီဖုန်းတွေဆီကို SMS ပေးပို့ အကြောင်းကြားလာမှာဖြစ်တယ်။ ထီပေါက်လို့ ဆုငွေထုတ်ယူရာမှာလည်း မှန်ကန်လွယ်ကူစေဖို့အတွက် ပမာဏနည်းတဲ့ ထီဆုကြေးငွေတွေကို အွန်လိုင်းကနေတစ်ဆင့် လွှဲပြောင်းပေးတာ၊ ထီကံထူးသူတွေရဲ့ ဘဏ်ငွေစာရင်းအကောင့်သို့ပေးပို့ပေးတာတွေကို အီလက်ထရွန်နစ်နည်းလမ်းနဲ့ ဆောင်ရွက်ပေးသွားမှာလို့ သိရပါတယ်။

အောင်ဘာလေအွန်လိုင်းသိန်းဆုထီ အက်ပလီကေးရှင်းကို စတင်လိုက်နိုင်တာဟာ ဒစ်ဂျစ်တယ်နည်းပညာနဲ့ မိုဘိုင်းငွေပေးချေမှုစနစ်တွေ အသုံးပြုပြီး လွယ်ကူစွာထီကံစမ်းနိုင်တဲ့ Digital Lottery Platform စနစ်သစ်ကို စတင်မိတ်ဆက် အသုံးပြုလိုက်နိုင်ခြင်းဖြစ်တယ်။ အကျိုးဆက်အနေနဲ့ အနာဂတ်မှာ နိုင်ငံတော်အခွန်ဘဏ္ဍာ ရရှိမှုတိုးတက်ရေး၊ နိုင်ငံတော်ရဲ့ ဒစ်ဂျစ်တယ်စီးပွားရေး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငွေသားကိုင်တွယ်သုံးစွဲမှု လျှော့ချစေရေး (Cashless Society) အစရှိတဲ့ ကောင်းကျိုးများစွာတို့ကို အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။



အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ် စတင်ခြင်းဖွင့်ပွဲအခမ်းအနားမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "စနစ်သစ်တစ်ခုကို ပြောင်းလဲဖော်ဆောင်ရာတွင် နိုင်ငံတော်ကိုကိုယ်စားပြုဆောင်ရွက်ရသည့်အတွက် အလွန်တာဝန်ကြီးမားလှပါကြောင်း၊ နိုင်ငံတော်အတွက် အသစ်စတင်မိတ်ဆက်နိုင်ခဲ့သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်ဖြစ်သည့် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ်ကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်အောင်မြင်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း" ပြောကြားခဲ့ပါတယ်။

မိဘပြည်သူတွေရဲ့ မျှော်လင့်ချက်တစ်ခု ပြည့်ဝခဲ့ပြီလို့ ဆိုနိုင်ပါတယ်။ ကျွန်တော်တို့ငယ်ငယ်က ခေတ်စားတဲ့ ရုပ်ရှင်မင်းသား ကျော်ဟိန်းဆိုခဲ့သလို "နှစ်ကျပ်ဖိုးနဲ့သိန်းထီထိုး တော်ကြာ သူများဦးသွားမှာစိုး"လို မဖြစ်တော့ပါဘူး။ မိဘပြည်သူတွေ တစ်လတစ်ခါ ထီကံစမ်းဖို့အတွက် ပင်ပင်ပန်းပန်း သွားရောက်ရှာဖွေတာ၊ ဈေးနှုန်းပိုပေးတာတွေ မဖြစ်တော့ဘဲ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ပေးလိုက်တဲ့ အောင်ဘာလေ အွန်လိုင်းသိန်းဆုထီကို မိမိတို့လက်ကိုင်ဖုန်းကို အလွယ်တကူအသုံးပြုပြီး ကံစမ်းနိုင်ကြပြီဖြစ်ပါတယ်။

ထီဝါသနာအိုး ကျွန်တော်အဖို့တော့ အခုလာမယ့် ဇူလိုင်လ ၁ ရက်နေ့မှာ ဖွင့်လှစ်မယ့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီကို မိမိလက်ကိုင်ဖုန်းကို အသုံးပြုပြီးတော့ စိတ်ကြိုက်အက္ခရာတွေ၊ စိတ်ကြိုက်နံပါတ်တွေကို စိတ်အေးလက်အေး ရှာဖွေတော့မယ်။ မိဘပြည်သူတွေအနေနဲ့လည်း မိမိတို့ရဲ့ မျှော်လင့်ချက်ဆန္ဒတွေ အကောင်အထည်ပေါ်လာစေဖို့ "အောင်ဘာလေအွန်လိုင်းသိန်းဆုထီကို ကံစမ်းကြပါစို့"လို့ အသိပေးနှိုးဆော်လိုက်ရပါတယ်။ ။

**"ယခုအခါမှာ အောင်ဘာလေသိန်းဆုထီ လက်မှတ်တွေကို ခေတ်စနစ်နဲ့အညီ လိုက်လျောညီထွေရှိစေဖို့၊ ထီကံစမ်းသူ မိဘပြည်သူတွေ သတ်မှတ်ဈေးနှုန်းနဲ့ အလွယ်တကူကံစမ်းနိုင်စေဖို့ ရည်ရွယ်ချက်တွေနဲ့ အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ်ကို အကောင်အထည်ဖော်လိုက်တာကို ထီဝါသနာရှင်တစ်ယောက်အနေနဲ့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ရပါတယ်။ ပြည်သူတွေအနေနဲ့ မိုဘိုင်းဖုန်းတွေနဲ့ အက်ပလီကေးရှင်းအမျိုးမျိုးကို အသုံးပြုနေကြရာ အခုစတင်မိတ်ဆက်ပေးလိုက်တဲ့ အောင်ဘာလေအွန်လိုင်းသိန်းဆုထီကို အွန်လိုင်း အက်ပလီကေးရှင်းကတစ်ဆင့် အချိန်မရွေး၊ နေရာမရွေး၊ သတ်မှတ်ဈေးနှုန်းအတိုင်း အလွယ်တကူ အဆင်ပြေစွာ ကံစမ်းနိုင်ကြပြီဖြစ်"**

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် (၂၅) နှစ်အောက် အမျိုးသား၊ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၃**

၂၀၂၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ၁၄ ခရိုင် အသက် (၂၅) နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ယမန်နေ့က ရန်ကုန်မြို့ လှိုင်မြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၂) ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။



အမျိုးသား ဗိုလ်လုပွဲတွင် မရမ်းကုန်းခရိုင်အသင်းက ဗိုလ်တထောင်ခရိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အမျိုးသမီးပြိုင်ပွဲတွင် သန်လျင်ခရိုင်အသင်းက အလုံခရိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲကို ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ဒုတိယဆုရ ဗိုလ်တထောင်ခရိုင်အသင်း၊ တတိယဆုရ မင်္ဂလာဒုံခရိုင်အသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယဆုရအလုံခရိုင်အသင်း၊ တတိယဆုရ ဒဂုံမြို့သစ်ခရိုင်အသင်းတို့အား တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ မရမ်းကုန်းခရိုင်အသင်းနှင့် အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ သန်လျင်ခရိုင်အသင်းတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်က တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ယင်းပြိုင်ပွဲကို ဇွန် ၅ ရက်မှ ၁၂ ရက်အထိ ၁၄ ခရိုင်ပါဝင်ပြီး အမျိုးသား ၁၄ သင်းနှင့် အမျိုးသမီး ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

## (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်နိုင်ဆုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် ရိုးရာလှေအသင်းအား ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၃**

၂၀၂၃ ခုနှစ် မေလက ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ကျင်းပခဲ့သည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်နိုင်ဆုရရှိခဲ့သော မြန်မာ့လက်ရွေးစင် ရိုးရာလှေအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Dragon Golf City ၌ ကျင်းပရာ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် ဖိတ်ကြားထားသူများ၊ အလှူရှင်များ တက်ရောက်ပြီး လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကား ပြောကြားသည်။



ယင်းနောက် ရွှေ၊ ငွေ၊ ကြေးဆုရ အားကစားသမားများ၊ အသင်းအုပ်ချုပ်သူနှင့် နည်းပြအဖွဲ့အား အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး **(ဝဲပုံ)** အလှူရှင်များအား မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ စုစုပေါင်းရရှိသော လှူဒါန်းငွေမှာ ငွေကျပ်သိန်း ၃၈၀ ဖြစ်ကြောင်း သိရသည်။

**အားကာမောင်**

○ *ကျော်ဖုံးမှ*

စံချိန်တင် ဂိုးသွင်းရှင်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုရတော့မည်ဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် အမ်ဘာပေအား ကာလရှည်စိတ်ဝင်စားနေသည့် အသင်းတစ်သင်းဖြစ်သော်လည်း ပြီးခဲ့သည့်နှစ်တွင် ပီအက်စ်ဂျီအသင်း၌ ဆက်နေရန်ဆုံးဖြတ်ခဲ့ပြီး ဘာနေဗျူးသို့ ပြောင်းရွှေ့မည့် အခွင့်အရေးတစ်ရပ်ကို အမ်ဘာပေက ပယ်ချခဲ့ဖူးသည်။

အသင်းအဓိက တိုက်စစ်ကစားသမား ဘင်ဇီမာ ဆော်ဒီကလပ်သို့ ပြောင်းရွှေ့သွားပြီးနောက် တိုက်စစ်ကစားသမားသစ် တစ်ဦး ခေါ်ယူရန် လုပ်ဆောင်နေသော်လည်း ၎င်းတို့၏ ဦးစားပေးခေါ်ယူမှုမှာ စပါးတိုက်စစ်ကစားသမား ဟယ်ရီကိန်းဖြစ်ကြောင်း သိရသည်။ အမ်ဘာပေသည် ပီအက်စ်ဂျီသို့ ၂၀၁၇ ခုနှစ်တွင် ရောက်ရှိခဲ့ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၆၀ ၌ ၂၁၂ ဂိုး သွင်းယူပေးထားသည်။ **အောင်ဇော်**

*ကျော်ဖုံးမှ*

ခြောက်သင်းသာ ယှဉ်ပြိုင်မည်ဖြစ်ပြီး လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းအပါအဝင် ရန်ကုန်ယူနိုက်တက်၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း၊ Young Lionesses အသင်း၊ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြီးခဲ့သည့်ရာသီ ယှဉ်ပြိုင်ခဲ့သည့် အသင်းများအနက် YREO အသင်းအစား ရန်ကုန်ယူနိုက်တက်အသင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး Young Lionesses အသင်းအစား GFA အသင်း ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း ပျက်ပြယ်ခဲ့ပြီး Young Lionesses အသင်းသာ ပြန်လည်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို ရန်ကုန်မြို့ရှိ စလင်းကွင်းနှင့် ပဒုမ္မာကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပရိသတ်များ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ်ကို ငါးရာသီမြောက်ကျင်းပခြင်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ရာသီတွင် မြဝတီအသင်း၊ ၂၀၁၇-၂၀၁၈ ရာသီတွင် မြဝတီအသင်း၊ ၂၀၁၈-၂၀၁၉ ရာသီတွင် အား/ကာသိပ္ပံအသင်း၊ ၂၀၂၂ ရာသီတွင် အား/ကာသိပ္ပံအသင်းတို့ ဗိုလ်စွဲထားသည်။ **ရဲရင့်လွင်**

## သီပေါမြို့ အ-ထ-က(၃) ကျောင်း၌ ကျောင်းကောင်စီဖွဲ့စည်း ကတိသစ္စာခံယူ

**သီပေါ ဇွန် ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းကောင်စီကတိသစ္စာခံယူပွဲကို ဇွန် ၁၂ ရက် နံနက်ပိုင်းက ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းရွှေသီက အမှာစကားပြောကြားပြီး ကျောင်းကောင်စီဖွဲ့စည်းရေးနှင့် ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသမိုင်း၏ သူရဲကောင်းများဖြစ်ကြသော အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလ စသည့် အသင်းငါးသင်းတို့ဖြင့် ကျောင်းကောင်စီကို ဖွဲ့စည်းပြီး ကျောင်းကောင်စီအတွင်းရေးမှူး ကောဒသမတန်းကျောင်းသား မောင်ဇေယျာမင်းထက်နှင့် အသင်းငါးသင်းတို့မှ ခေါင်းဆောင်များ၊ အသင်းဝင်ကျောင်းသား ကျောင်းသူများက နိုင်ငံတော်အလံနှင့် ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ရှေ့မှောက်၌ ကတိသစ္စာပြုကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ်(၂)ရပ်ကွက်နေ သန်းနိုင်(ခ) ကိုနိုင်သည် ၎င်းအသုံးပြုသည့် “Ko Naing” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (င) ရပ်ကွက်နေ မော်မော်(ခ)မော်ကြီးသည် ၎င်းအသုံးပြုသည့် “Maw Gyi” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖြစ်ပေါ်နေသော စပါး/ ဆန်ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

**စစ်ကိုင်းတိုင်းဒေသကြီးရှိ ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့် ရေဦးခရိုင်တို့တွင် စပါး/ဆန်ဈေးနှုန်းများ အနည်းငယ်မြင့်တက်နေပြီး ကျန်ခရိုင်များတွင် ဈေးအေးနေကြောင်း သိရသည်။**



၂၀၂၃ ခုနှစ် ဇွန်လ ဒုတိယပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများမှာ ရွှေဘိုခရိုင်တွင် ရွှေဘိုပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၂၉၀၀၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ၊ ရောမင်း(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၉၅၀၀၀၀၊ ရောမင်း(ဆန်)၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ရေဦးခရိုင်တွင် ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၂၉၀၀၀၀၀ ၊ ပေါ်ဆန်း(ဆန်)တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ၊ ရောမင်း(စပါး)တင်း ၁၀၀ လျှင် ငွေကျပ် ၁၉၅၀၀၀၀ ၊ ရောမင်း(ဆန်) ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင်တွင် ညှော့မထ(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၉၀၀၀၀၀၊ ညှော့မထ (ဆန်)၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၇၂၀၀၀ ၊ ငစိန်(စပါး)တင်း ၁၀၀ လျှင် ငွေကျပ် ၁၈၀၀၀၀၀၊ ငစိန်(ဆန်) ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀ ၊ ရောမင်း (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၂၀၀၀၀၀၀ ၊ ရောမင်း(ဆန်) ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကသာခရိုင်၊ အင်းတော်မြို့နယ်မှ မော်ဘီ(၂)(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀၀ ၊ မော်ဘီ(၂) ဆန် ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀ ၊ ဆင်းကေရီ(၃)(စပါး)တင်း ၁၀၀ လျှင် ငွေကျပ် ၁၅၀၀၀၀၀ ၊ ဆင်းကေရီ-၃ (ဆန်) ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀ ၊ ရောမင်း(စပါး)တင်း ၁၀၀ လျှင် ငွေကျပ် ၁၇၅၀၀၀၀ ၊ ရောမင်း(ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင်တွင် ရောမင်း(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၂၂၀၀၀၀၀ ၊ ရောမင်း(ဆန်) ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ၊ ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၂၈၀၀၀၀၀ ၊ ရောမင်း(ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀၊ မနော်သုခ (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၈၀၀၀၀၀ ၊ မနော်သုခ(ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ရောမင်း (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၉၅၀၀၀၀ ၊ ရောမင်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ ၊ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၂၈၀၀၀၀၀၊ ပေါ်ဆန်း (ဆန်)၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ဇွန်လ ပထမပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၂၄၀၀၀ ၊ မန္တလေးသို့ အိတ်ရေ ၃၆၉၀၀ ၊ မကွေးသို့အိတ်ရေ ၆၀၀ ၊ နေပြည်တော်သို့ အိတ်ရေ ၁၀၀၀၀ ၊ ရှမ်း(တောင်)သို့ အိတ်ရေ ၈၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၈၀၀၀ ၊ ကချင်သို့ အိတ်ရေ ၁၅၀၀ စုစုပေါင်းအိတ်ရေ ၈၉၀၀၀ ၊ တန်အားဖြင့် ၄၄၅၀ စီးထွက်ခဲ့ပြီး ယခု ဇွန်လ ဒုတိယပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၂၅၀၀၀ ၊ မန္တလေးသို့ အိတ်ရေ ၂၇၃၇၀ ၊ မကွေးသို့ အိတ်ရေ ၃၀ ၊ နေပြည်တော်သို့ အိတ်ရေ ၉၀၀၀ ၊ ရှမ်း(တောင်)သို့ အိတ်ရေ ၇၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၇၅၀၀၊ ကချင်သို့ အိတ်ရေ ၃၀၀၀ စုစုပေါင်းအိတ်ရေ ၇၉၄၀၀ ၊ တန်အားဖြင့် ၃၉၇၀ စီးထွက်ခဲ့သည့်အတွက် ယခင်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခုပတ်တွင် အိတ်ရေ ၉၆၀၀၊ တန်အားဖြင့် ၄၈၀ လျော့နည်းစီးထွက်ခဲ့ကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

## ကျွန်းလှမြို့နယ်၌ ရုံးပတီသီး စိုက်ပျိုးကာ မိသားစုဝင်ငွေရရှိ

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ရှမ်းစုကျေးရွာ၌ ရုံးပတီသီးကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြကြောင်း၊ ရုံးပတီသီး စိုက်ပျိုးရာတွင် ရာသီမရွေး စိုက်ပျိုးကြပြီး စိုက်ပျိုးပြီး တစ်လကျော်လျှင် အသီးများကို စတင်၍ ခူးဆွတ်ရကြောင်း သိရသည်။

ရုံးပတီသီးကို တစ်ကျင်းလျှင် (၂/၃) ပင်ခန့်ဖြင့် အပင်ရေ ၁၅၀ ခန့် စိုက်ပျိုးပြီး မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကာ ရုံးပတီသီးပင် စတင်စိုက်ပျိုးရန် မျိုးစေ့ဖိုး၊ မြေပြုပြင်ခ၊ ဓာတ်မြေဩဇာနှင့် ရေသွင်းခ စုစုပေါင်းကုန်ကျစရိတ်မှာ ငွေကျပ် ၄၀၀၀၀ ကျော်မှ ငွေကျပ် ၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ကြိမ် ခူးဆွတ်လျှင် ၁၀ ပိဿာမှ ၁၅ ပိဿာအထိ ထွက်ရှိပြီး နှစ်ရက်ခြားလျှင် တစ်ကြိမ် ခူးဆွတ်ရကြောင်း သိရသည်။

ရုံးပတီသီးသည် စဉ်ဆက်မပြတ် စိုက်ပျိုးနိုင်ပြီး နေ့စဉ် ခူးဆွတ်ရောင်းချရသော သီးနှံပင်ဖြစ်၍ စီးပွားရေးအရ စိုက်ပျိုးသင့်သော သီးနှံပင်ဖြစ်ကြောင်း၊ ဈေးနှုန်းအနေဖြင့် ရုံးပတီသီးတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ – ၂၀၀၀ ဈေးနှုန်းတို့ဖြင့် ရောင်းချရကြောင်း၊ မြို့မ စည်ပင်သာယာဈေးရှိ ဖောက်သည်များထံ ပို့ဆောင်၍ အရောင်းအဝယ်ဖြစ်နေပြီး မိသားစုဝင်ငွေရရှိ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **DOCA(စစ်ကိုင်း)**

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇွန် ၁၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၁၃**

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ရောင်းစား၍ ငွေကြေး အကျိုးအမြတ် ခေါင်းပုံဖြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေ အကြီးကောင်(ခ) တေဇာစိုးနှင့် ၎င်း၏ ညီမဖြစ်သူ မမဠူတို့က လိပ်စာတူနေ မ-----၊ ၂၃/ ၂၀၂၂ နှစ်ကို ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံတွင် အလုပ်ရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်မယားအဖြစ် ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ဒလမြို့မ ရဲစခန်း (ပ) ၁၅၄/၂၀၂၂၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်၍ တွံတေးခရိုင်တရားရုံးသို့ တရားစွဲတင်ခဲ့ရာ ဇွန် ၁၂ ရက်တွင် တရားခံအကြီးကောင်(ခ)တေဇာစိုးနှင့် မဠူတို့ကို လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


**မြန်မာ့အလင်း**

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - မြင့်စိုး |
| **သတင်းထောက်မှူး** | - ခင်ရတနာ |
| **စာတည်းများ** | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - တင်စိုး |
| **သုတေသန** | - အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၆ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၈၉၀ ကျပ် | ၁၉၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၇၀ ကျပ် | ၂၀၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၉၅ ကျပ် | ၂၀၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၉၅ ကျပ် | ၂၁၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၇၉၀၀ | ၁၂၃၂ | ၉၇၃၇၅၀၀ |
| MTSH | ၂၉၀၀ | ၂၈၅၀ | ၅၄၆၆ | ၁၅၅၉၈၇၀၀ |
| MCB | ၇၂၀၀ | ၇၂၀၀ | ၂၉ | ၂၀၈၈၀၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၂၀၁၉၇ | ၂၉၂၈၅၆၅၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၁ | ၂၄၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHPC | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာနံ့စေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒကန်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာနံ့စေတီ ၁ ဆူ(ပြီးရှုကာသိုရဲ မြန်မာပါဠိနှင့် နိုင်းအင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂၃ ဆူ | ၇၂၃ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၉၃ သိန်း | ၄၀၈၀၇ သိန်း |
| ၃။ | သုခမျာဆရုပ်(၅၄×၃၀×၇၂)ပေ | ၂၉၇၀.၀၀ | ၆ | ၆ | - |
| ၄။ | ဆေးကုသရုံ(၃၈×၂၄×၂၂)ပေ | ၄၈၁၁.၀၀ | ၁ | - | ၁ |
| ၅။ | ဆော်ကျွန်းတိုက်(၇၂၀×၇၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၈၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစင်္ကြံလှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၇၄၄.၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း | ၇,၂၈၄.၇၀ | ၁ | - | ၁ |
| | အဆောက်အဦ RC Structure လုပ်ငန်း မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | | | | |
| ၈။ | ရေပန်းအလှ(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄.၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်းအမိုးပြည်နံရံ(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာမှုတက်လက်ရာပန်းချီ ၂၇ ပေ | ၃၁.၀၀ | ၄၇၇ ခန်း | ၉၁ ခန်း | ၃၈၆ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ဆောင်းတိုင်(ကျောက်မြန်မာမှုပါ) | ၇၂.၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆.၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉.၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း မီးဆောင်ကျောင်းကနုတ်ပန်း(ကျောက်မြန်မာမှုပါ) | ၇.၀၀ | ၆၂၂ ခု | ၁၅၁ ခု | ၄၇၁ ခု |
| ၁၆။ | ကျောင်းကျောက်ပြား ၁ ကျင်းနှုန်း | ၈.၅၀ | ၇၅၇၈.၃၅ ကျင်း | - | ၇၅၇၈.၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၅၀ | ၂၁၈.၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉.၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မလမ်းခင်းခြင်း | ၆.၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒကန် | ၂,၇၇၁.၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၄၇၆.၀၂ သိန်း |
| | (က) မုစလိန္ဒကန်ရေကန်လုပ်ငန်း | ၆၇၀၀.၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒကန်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၈၆.၃၈ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒကန်အတွင်း အခြမ်းများ ပွဲလမ်းကျင်းပနိုင်ရန် ကျောက်ပြားခင်းခြင်းလုပ်ငန်း | | | | |
| | ၁။ အရှေ့ဘက်အခြမ်း(၁၇၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အခြမ်း(၁၇၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရှည်မြှင့်(၆၄၈၂ စပေ) | ၂၇၉၄.၂၈ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရှည်မြှင့်(၅၅၅၂ စပေ) | ၂,၂၀၆.၄၀ | ၁ | - | ၁ |
| | (ဃ) ကျောင်းကျောက်ပြားခင်းခြင်း(၃၁၇.၆၅ ကျင်း) | ၈.၅၀ | ၃၁၇.၆၅ | - | ၃၁၇.၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၁.၂၀ | ၄၇ | - | ၄၇ |
| | (စ) အလှပင်/အပင် မီးနှင့်အပင်ရေပေးဆက်သွယ်ခြင်း | | | | |
| | ၁။ အလှပင်/အပင် မီးဆက်သွယ်ခြင်း | ၅၀၀.၀၀ | ၁ | - | ၁ |
| | ၂။ အပင်ရေပေးဆက်သွယ်ခြင်း | ၇၂၀.၀၀ | ၁ | - | ၁ |
| ၂၀။ | ရေစင်ရေခြောက်ခံခန်း(၁၂ ပေ × ၁၀၆ ပေ) | ၂၇၉.၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကတ်သုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် မြန်မာအဓိပ္ပာယ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး(၅၃ ကျမ်း(၄၀ အုပ်))တစ်စုံလျှင် | ၁၂.၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကတ်သုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် မြန်မာအဓိပ္ပာယ် ၂ မျက်နှာစီပါ)(Bible Paper) လှူဒါန်းနိုင်ရေး(၅၃ ကျမ်း(၄၀ အုပ်))တစ်စုံလျှင် | ၂၀.၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူ့အငှားအိမ်ရာများတွင် အခြေခံအဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူ ပြည်တွင်းလုပ်ငန်းရှင်များသည် အောက်ပါအတိုင်း တင်ဒါအဆိုပြုလွှာတင်သွင်းနိုင်ပါသည်-

(က) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့ရက် - ၁၄-၆-၂၀၂၃ရက်မှ ၂၈-၆-၂၀၂၃ရက်အထိ

(ခ) တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက် - ၂၉-၆-၂၀၂၃ရက်၊ ၁၅:၀၀နာရီအထိ

(ဂ) တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ - မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၊ အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အထက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၁-၃၈၇၂၆၂၊ ၀၉-၆၉၉၉၉၈၈၀၄**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်ခရိုင်
## လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊လမ်းဦးစီးဌာန၊ ကွတ်ခိုင်ခရိုင်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အတွင်း ပြည်နယ်ခွင့်ပြု ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Class-A လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများကို လုပ်ငန်းတင်ဒါစနစ်ဖြင့် လုပ်ငန်းများ အပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအားတင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအမှတ်စဉ် - ၄/၂၀၂၃-၂၀၂၄)

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန် - ၂၂-၆-၂၀၂၃ရက် (ကြာသပတေးနေ့)မှ ၂၇-၆-၂၀၂၃ရက်(အင်္ဂါနေ့)အထိ (ရုံးချိန်အတွင်း)

(ခ) Pre-Bid Meeting ကျင်းပမည့်ရက်/အချိန် - ၂၇-၆-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီ

(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက် - ၂၈-၆-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)

(ဃ)တင်ဒါဖွင့်ပွဲ ကျင်းပမည့်ရက်/အချိန် - ၂၉-၆-၂၀၂၃ရက်(ကြာသပတေးနေ့) (၀၉:၃၀)နာရီ

(င) တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကွတ်ခိုင်ခရိုင်၊ ကွတ်ခိုင်မြို့

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကွတ်ခိုင်ခရိုင်၏ ဖုန်းနံပါတ်- ၀၉-၄၅၆၉၅၃၂၄၇သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## လမ်းတံတားဌာန
## လမ်း၊ တံတား၊ ရေမြောင်းလုပ်ငန်းတင်ဒါ Lot(၁၈)ခု
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၃-၂၀၂၄(ဧပြီလမှ မတ်လ) ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ် ခေါင်းစဉ်မှကျခံ၍ လမ်း၊ တံတား၊ ရေမြောင်းလုပ်ငန်း Lot (၁၈)ခုအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင် ကုမ္ပဏီများအနေဖြင့် အောက်ပါအတိုင်း တင်ဒါ လျှောက်လွှာ ဝယ်ယူတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ရက် - ၁၄-၆-၂၀၂၃ရက် ၊(ဗုဒ္ဓဟူးနေ့)

(ခ) တင်ဒါလျှောက်လွှာရောင်းချခြင်း ပိတ်သိမ်းမည့်နေ့ရက်နှင့် အချိန် - ၂၇-၆-၂၀၂၃ရက်(အင်္ဂါနေ့) ၁၆:၃၀နာရီ

(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်နှင့် အချိန် - ၃၀-၆-၂၀၂၃ရက်၊ (သောကြာနေ့)နံနက် ၉:၃၀နာရီမှ ၁၆:၃၀နာရီအထိ

၂။ တင်ဒါကော်မတီမှ တင်ဒါလျှောက်လွှာ ဝယ်ယူထားသည့် ကုမ္ပဏီများအား ၂၈-၆-၂၀၂၃ရက်နေ့ နံနက် ၁၀ နာရီတွင် တင်ဒါကိစ္စများ ရှင်းလင်းခြင်း အစီအစဉ်အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကုမ္ပဏီများမှ တက်ရောက် ကြရန် ဖြစ်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်း- ၀၉- ၄၄၁၀၂၁၄၂၃ ၊ ၀၉- ၄၃၁၀၀၆၄၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လမ်းတံတားဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (စက်မှုလယ်ယာအရှေ့)၊ ဦးပိုင်အမှတ်(၂၈၀)၊ ဧရိယာ (၀.၀၈၃) ဧက အမှုတွဲအမှတ် ၄၆၃-၅/၂၀၀၂-၂၀၀၃(စီ)ဖြင့် အရာခံဗိုလ်ဘကျော်မှ အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အား ၎င်း၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ဝင်းဝင်းမော် ၁၃/ကလန(နိုင်)၀၅၄၈၄၅မှ ရောင်း/ဝယ်စာချုပ် (၂၁၉၊/၂၀၂၃)ဖြင့် ဒေါ်စောနီလာအောင် ၉/ပကခ(နိုင်)၀၀၉၃၀၄ ထံ ရောင်းချပေးပြီးဖြစ်၍ ဒေါ်စောနီလာအေးမှအမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/49205 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်စပယ်ထွန်း ၇/အတန(နိုင်)၁၀၇၀၈၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊လားရှိုးခရိုင်
## လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊လမ်းဦးစီးဌာန၊ လားရှိုးခရိုင်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အတွင်း ပြည်နယ်ခွင့်ပြု ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Class-A လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများကို လုပ်ငန်းတင်ဒါ စနစ်ဖြင့် လုပ်ငန်းများ အပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအားတင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအမှတ်စဉ် - ၄/၂၀၂၃-၂၀၂၄)

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန် - ၂၂-၆-၂၀၂၃ရက် (ကြာသပတေးနေ့)မှ ၂၇-၆-၂၀၂၃ရက်(အင်္ဂါနေ့)အထိ (ရုံးချိန်အတွင်း)

(ခ) Pre-Bid Meeting ကျင်းပမည့်ရက်/အချိန် - ၂၇-၆-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီ

(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက် - ၂၈-၆-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)

(ဃ)တင်ဒါဖွင့်ပွဲ ကျင်းပမည့်ရက်/အချိန် - ၂၉-၆-၂၀၂၃ရက်(ကြာသပတေးနေ့) (၀၉:၃၀)နာရီ

(င) တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လားရှိုးခရိုင်၊ လားရှိုးမြို့

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လားရှိုးခရိုင်၏ ဖုန်းနံပါတ်- ၀၈၂-၂၂၀၃၀၅၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊
## လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Class-A လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများကို လုပ်ငန်းတင်ဒါစနစ်ဖြင့် လုပ်ငန်းများ အပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအမှတ်စဉ် - (၄/၂၀၂၃-၂၀၂၄)

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန် - ၂၂-၆-၂၀၂၃ရက် (ကြာသပတေးနေ့)မှ ၂၇-၆-၂၀၂၃ရက် (အင်္ဂါနေ့)အထိ (ရုံးချိန်အတွင်း)

(ခ) Pre-Bid Meeting ကျင်းပမည့်ရက်/အချိန် - ၂၇-၆-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၀နာရီ

(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက် - ၂၈-၆-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)

(ဃ) တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် - ၂၉-၆-၂၀၂၃ရက် (ကြာသပတေးနေ့)၊ ၀၉:၃၀နာရီ

(င) တင်ဒါစိစစ်ရွေးချယ်မည့်နေရာ- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျောက်မဲခရိုင်၏ ဖုန်း-၀၈၂-၂၉၄၀၀၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးခင်မောင်မြင့်-၂ (လ/ထ ညွှန်မှူး၊ သစ်တောဦးစီးဌာန)-ဒေါ်လှလှမော်တို့၏သား မောင်သန်းထိုက်အောင်သည် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို (၆)ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ပါသဖြင့် ဂုဏ်ယူဝမ်းမြောက်ပါသည်။

**၁၉၉၃ ခုနှစ် သစ်တောဘွဲ့ရသူငယ်ချင်းများ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄

| | | |
|---|---|---|
| ကိုအောင်နိုင်မြင့် | နှင့် | ဦးအေးထွန်း ပါ (၂) |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် (၂၅၆/၂၇၆) (၅)လွှာနေ တရားပြိုင်ဖြစ်သော ဦးအေးထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်မြင့်နိုင်က ပဋိညာဉ်အတိုင်း ခြံမြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇွန် ၂၂ရက် (၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုသည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇွန် ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရွှေမလေး)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**ပြည်ခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9E/7642, Honda Fit GE6, Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းထွန်း ၉/အမဇ (နိုင်) ၀၄၂၀၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ပြောင်းလဲခေါ်ပါရန်

ဇန်းမော်မြို့နယ်၊ မိုးဖိန်းကျေးရွာအုပ်စု၊ သာစည်ကျေးရွာနေ ဦးတင်ကိုကို ၁/ဗမန(နိုင်)၀၈၅၄၈၅ ၏ သမီး အလက(ခွဲ) သာစည် Grade-9မှ မပြည့်ပြည့်ဝန်းအား ယနေ့မှစ၍ မပြည့်ပြည့်ဟု ပြောင်းလဲခေါ်ပါရန်။

**မပြည့်ပြည့်**

## ပတ်စ်ပို့ပျောက်

ဦးမြင့်လွင်၏သမီး ကျွန်မ မသွင်သွင်မော် ၁၂/ထတပ(နိုင်)၀၉၄၂၀၈၏ Passport No.MG 979708 လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၈၉၆၈၇၄၇**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/ဒက္ခိဏသီရိအရှေ့ရပ်)၊ မြတ်လေးဖြူ (၆)လမ်း၊ အကျယ်အဝန်းပေ (၁၀၀x၁၀၀)၊ မြေကွက်အမှတ် (ဒ-၂၃၃၈)သည် ဒေါ်အေးဝတ်ရည်(ဘ)ဦးမြင့်စော ၁၂/သကတ(နိုင်)၁၄၁၃၅၂မှ အမည်ဖြင့် နေပြည်တော် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ နှစ် ၃၀ မြေငှားဂရန် ချပေးထားသောမြေကွက်ဖြစ်ပြီး ဒေါ်အေးဝတ်ရည်ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်ထိုက်(ဘ)ဦးခင်မြ ၁၄/မမန(နိုင်)၀၀၂၁၃၃ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်မင်းထိုက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၂၁/၂၀၁၆)**
**အမှတ်-၅၀၂၊ ပဒုမ္မာလမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၄၃၀၄၅၉၁၁**

## အထွေထွေကိုယ်စားလှယ်လွှဲစာအား
## ပြန်လည်ရုပ်သိမ်းကြောင်း ကြော်ငြာခြင်း

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ စဥ့်အိုးဘိုလမ်း၊ အမှတ်(၄)ရပ်ကွက်၊ အိမ် အမှတ်(၄)နေသူ ဒေါက်တာမီနီ(ခ)ရှိုနာလီမာလကာ (ဘ) ဦးပီစီမာလကာ ၁၀/မလမ(နိုင်) ၀၁၈၃၇၇ မှ ဦးဝင်းနိုင်(ဘ)ဦးမြမောင် အား ပုသိမ်မြို့၊ နိုတြီပဗ္ဗလစ် ဦးသန်းဦးထံ၌ ၆-၆-၂၀၂၂ရက်တွင် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(G-၃၆/၂၀၂၂) အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါက်တာ မီနီ(ခ)ရှိုနာလီမာလကာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီနီဝင်းLL.B တရားလွှတ်တော်ရှေ့နေ၊စဉ်-၁၃၅၁၆/၂၀၁၇**
**အထက(၅)ကျောင်းဝင်းအနီး၊ ဖိုးစူးကုန်းလမ်း၊ (၂)ရပ်ကွက်၊ ပုသိမ်မြို့**
**ဖုန်း-၀၉- ၇၉၀၂၄၀၈၆၁**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၇၂)၊အဒွင်းကွင်း၊ ဦးပိုင်အမှတ်(၂၃)၊ မြေဧရိယာ ၁ဒသမ ၈၃ ဧကအား မြိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏(၂၈-၁၁-၂၀၂၂) ရက်စွဲပါ စာအမှတ် ၃၁၄၆/၁/၄-၁၁/ခစဖ(မြိတ်) အရ ဦးသန်းမြင့် အမည်ဖြင့် မြေနေရာခွင့်ပြုချထားပေးခဲ့ပြီး ဦးသန်းမြင့်သည်(၃၁-၃-၂၀၁၂)ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ဒေါ်ကျင်စိန်၊ ဒေါ်မြင့်ဝင်းမူ၊ ဦးမျိုးလင်းသူ(ခ)ဦးမျိုးသူ တို့မှ ဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ထွက်ဆိုထားပါသည်။ အဆိုပါမြေနေရာအား စက်မှု/စီးပွားမြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဒေါ်ကျင်စိန် ၇/ကတခ(ဧည့်)၀၀၀၁၄၀၊ ဒေါ်မြင့်ဝင်းမူ ၇/ကတခ(နိုင်)၀၇၅၈၇၊ ဦးမျိုးလင်းသူ(ခ)ဦးမျိုးသူ ၇/ကတခ(နိုင်) ၀၇၅၈၈ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ပတ်စ်ပို့ပျောက်

ဦးသိန်းအေး၏ သား မောင်အောင်မျိုးမင်း ၁၄/ဇလန(နိုင်)၁၄၅၅၈၉၏ Passport No. MG 893291 လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၂၈၃၈၆၇၆**

## ပတ်စ်ပို့ပျောက်

ဦးအေးသိန်း၏ သား၊ မောင်နိုင်လင်းထိုက် ၁၄/မအပ(နိုင်) ၂၁၃၅၈၈၏ Passport No.MG 599016 လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၆၂၀၀၂၅၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁)၊ အကွက်အမှတ် (စက်မှုလယ်ယာအရှေ့)၊ ဦးပိုင်အမှတ် (၂၄၂)၊ ဧရိယာ (၀.၀၈၂)ဧက အမှုတွဲအမှတ် ၃၄၉-၅/၂၀၀၈-၂၀၀၉(စီ)ဖြင့် ဒေါ်ဟယ်နာချင်းမှ အမည်ပေါက်ပိုင်ဆိုင်ပြီး ဒေါ်ဟယ်နာချင်းမှာ ၂၈-၅-၂၀၂၀ရက်တွင်လည်းကောင်း၊ ခင်ပွန်းဦးအိုင်နပ်မှာ (၁၀-၇-၁၉၈၀)တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားသဖြင့် သား/သမီးဖြစ်သူ ဒေါ်အဲနာ ၁၃/လရန(နိုင်)၀၀၅၃၇၅၊ ဦးဒယ်နီရယ် ၁၃/လရန(နိုင်)၀၀၅၃၇၆တို့မှ အမွေဆက်ခံစာချုပ် (၄၈၄IV/ ၂၀၂၂)ဖြင့် အမွေဆက်ခံပြီးဖြစ်သဖြင့် ၎င်းမြေကွက်အား ဒေါ်အဲနာပါ (၂)ဦး၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးဇင်ဟန်တန်ဂျီ ၁၃/လရန(နိုင်)၀၈၂၉၀၄မှ ရောင်း/ဝယ်စာချုပ် (၂၁၈၊/၂၀၂၃)ဖြင့် ဦးကျော်သိန်း ၁၃/နဆန(နိုင်)၀၅၈၃၄၈ထံ ရောင်းချပေးပြီးဖြစ်၍ ဦးကျော်သိန်းမှ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် RLG/5505, Toyota Landcruiser , S/W(4x4)L ယာဉ်အမည်ပေါက်သူ သီလဓမ္မကုန်းသာတော် ကျောင်းတိုက်မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

